**စီမံကိန်းသတင်းအချက်အလက်စာစု (PID)**

**စိစစ်အကဲဖြတ်ရေးအဆင့်**

အစီရင်ခံစာအမှတ်- PID A3688

- **စီမံကိန်းအမည်** ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော ကျောင်းရံပုံငွေ ထောက်ပံ့ရေး အစီအစဉ် (P146332) မြန်မာနိုင်ငံ
- **ဒေသ** - အရှေ့အာရှ နှင့် ပစိဖိတ်
- **နိုင်ငံ** - မြန်မာ
- **ကဏ္ဍ(များ)** - အထွေထွေပညာရေးကဏ္ဍ (၁၀၀%)
- **အကြောင်းအရာ (များ)** - အားလုံးအတွက်ပညာရေး (၁၀၀%)
- **ထောက်ပံ့ကူညီပေးမည့်အရာ** - စီမံကိန်းရင်းနှီးမြှုပ်နှံမှုအတွက် ဘဏ္ဍာငွေထောက်ပံ့ကူညီခြင်း
- **စီမံကိန်းအမှတ်စဉ်** - P ၁၄၆၃၃၂
- **အထောက်အပံ့ရယူမည့်သူ (များ)** - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
- **သဘာဝပတ်ဝန်းကျင်ဆိုင်ရာအမျိုးအစားခွဲခြားမှု** - B-partial assessment
- **PID ပြုစုရေးဆွဲ/ပြန်လည်မွမ်းမံသည့်ရက်စွဲ** - ၁၁၊ ဖေဖော်ဝါရီ၊ ၂၀၁၄။
- **ဘုတ်အဖွဲ့မှအတည်ပြုမည့် ခန့်မှန်းရက်စွဲ** - ၂၀၊ မေ၊ ၂၀၁၄။
- **ဆုံးဖြတ်ချက်ချမှတ်ခြင်း**
- **အခြားဆုံးဖြတ်ချက်ချမှတ်ခြင်း**

## ၁။ စီမံကိန်းအကြောင်း

### နိုင်ငံအကြောင်း

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုနှင့် မျိုးနွယ်စုအရ မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် မှီတင်းနေထိုင်ကြသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ အရှေ့အာရှ နှင့် ပစိဖိတ်ဒေသတွင်း အဆင်းရဲဆုံးနိုင်ငံများ အနက် အပါအဝင်ဖြစ်ပြီး နိုင်ငံသားတစ်ဦးချင်းစီ၏ ပြည်တွင်းအသားတင်ကုန် ထုတ်လုပ်မှု (GDP) သည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၅၀၀ မှ ၈၀၀ အတွင်းသာရှိပါသည်။ မြန်မာနိုင်ငံ၌ ယုံကြည်စိတ်ချရနိုင်သည့် သတင်းအချက်အလက်ရရှိနိုင်မှု အခြေအနေနည်းပါးစေကာမူ ဆင်းရဲနွမ်းပါးမှုသည် ကျေးလက်ဒေသများ၌ အများဆုံးဖြစ်ပွားလျက်ရှိကြောင်း ရည်ညွှန်းကိန်း အားလုံးမှဖော်ပြနေကြပါသည်။ ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ် (UNDP) ၏အထောက်အပံ့ဖြင့် ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်တို့တွင် အိမ်ထောင်စုအလိုက် စစ်တမ်းကောက်ယူမှု နှစ်ကြိမ်တိတိပြုလုပ်ခဲ့ပြီး ဆင်းရဲနွမ်းပါးမှုသည် နေထိုင်ရာဒေသအလိုက် သိသိသာသာ ကွာခြားမှုများရှိနေ၍ ဆင်းရဲနွမ်းပါးသူအများစုသည်လည်း ကျေးလက်ဒေသများတွင်သာ နေထိုင်ကြကြောင်း ယင်းစစ်တမ်းများက ဖော်ပြနေပါသည်။ ရရှိထားသော အခြားသတင်းအရင်းအမြစ်များအရ လူမှုရေး အညွှန်း ကိန်းများသည်လည်း နိမ့်ပါးနေကြဆဲဖြစ်ကြောင်း သိရှိရပါသည်။ သာဓကအားဖြင့် ငါးနှစ်အောက်ကလေး များ၏ ၃၂% သည် အာဟာရချို့တဲ့မှုခံစားနေကြပြီး ယင်းပမာဏသည် ဒေသတွင်း၌ အမြင့်ဆုံး အခြေအနေ ရှိနေသည်ဟု ဆိုနိုင်ပါသည်။ နိုင်ငံ့စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးပေါ်တွင်သာ အဓိကမှုတည်နေရပြီး

ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု၏ ၄၃% နှင့်အလုပ်အကိုင်အားလုံး၏ ၅၄% ခန့်ကို ဖော်ဆောင်လျက်ရှိသည့်အပြင် နေထိုင်ရာလူဦးရေ ၇၀% ကျော်၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်းဖြစ်ပါသည်။ သို့သော် ယင်းလယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ပင် စိုက်ပျိုးရေရရှိမှု မလုံလောက်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုစွမ်းရည်တို့ကို တန်ဖိုးတက်စေနိုင်မည့် အခြေအနေနည်းပါးခြင်း၊ မှုပါဒိုင်ခိုင်မာမာချမှတ်ထားမှုမရှိခြင်းနှင့် ကျေးလက်နေပြည်သူများ၌ ကြွေးမြီထူပြောခြင်း စသည့် အခက်အခဲများနှင့်ကြုံတွေ့နေရပါသည်။

ဆယ်စုနှစ်ပေါင်းများစွာ ရင်းနှီးမြုပ်နှံမှုများ နည်းပါးခဲ့ခြင်းကြောင့် ပြည်သူ့အကျိုးပြုအဖွဲ့အစည်းများနှင့် အစိုးရဌာနများတွင် ဆုတ်ယုတ်မှုများရှိစေခဲ့ပြီးကျေးလက်ဒေသများ၌ ၎င်းတို့၏ ဝန်ဆောင်မှုပေးအပ်နိုင်စွမ်းကို လျော့နည်းစေခဲ့ပါသည်။ ယင်းတို့အနက် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ ပေးအပ်နေသည့် ကဏ္ဍများသည် နှစ်ပေါင်းများစွာ ထောက်ပံ့ငွေများ လုံလောက်အောင် မရရှိခဲ့ကြပါ။ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင်မှ ရှေ့ဆက်သွားမည် "ပြည်သူ့ဗဟိုပြုလမ်းစဉ်" ၏ဆောင်ရွက်ချက်တစ်ခုအနေဖြင့် အဆိုပါကျန်းမာရေးနှင့် ပညာရေးကဏ္ဍအသုံးစရိတ်ကို သိသိသာသာတိုးမြှင့်ပေးခဲ့ပြီး ၂၀၁၁/၂၀၁၂ နှင့် ၂၀၁၃/၂၀၁၄ ခုနှစ်များ၏ ဘဏ္ဍာငွေခွဲဝေချထားပေးမှုထက် သုံးဆကျော်ခန့်အထိတိုးတက်ခဲ့ပါသည်။ ထို့ပြင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လစာငွေနည်းပါးသဖြင့် စားဝတ်နေရေးအတွက် လုံလောက်မှုမရှိခဲ့ကြသည့် အစိုးရဝန်ထမ်းများ အထူးသဖြင့် ဗျူရိုကရေစီနစ်၏ အောက်ခြေရှိ ဝန်ထမ်းများနှင့် ကျေးလက်ဒေသများရှိ အောက်ခြေ ဝန်ထမ်းများအား လစာငွေများတိုးမြှင့်ပေးခဲ့ပါသည်။ သို့သော် ယင်း၏ အကျိုးဆက် အနေဖြင့် အိမ်ထောင်စုအတော်များများသည် ပြည်သူ့ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုပေးနေသည့် ကဏ္ဍများ၌ အများအားဖြင့် မိမိတို့၏အိတ်စိုက်ငွေများဖြင့် အကုန်အကျခံခဲ့ကြရပါသည်။

## ဘဏ္ဍာရေးဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာအကြောင်း

ပညာရေးပြုပြင်ပြောင်းလဲမှုသည် နိုင်ငံတော်အစိုးရ၏ ဦးစားပေးဆောင်ရွက်ချက်များအနက်တစ်ခု အပါအဝင်ဖြစ်ပါသည်။ နှစ် ၃၀ ပညာရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၀၁/ ၀၂ - ၂၀၃၀/၃၁) ၌ အခြေခံပညာ အရည်အသွေးတိုးမြှင့်ရန်အတွက် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခဲ့ပြီး တိုးတက်မှုအချို့ ဖြစ်ထွန်းစေခဲ့ပါသည်။ မူလတန်းနှင့် အလယ်တန်းကျောင်းများ၌ ကျောင်းသားအပ်နှံမှုများ သိသိသာသာ တိုးတက်လာခဲ့ပြီး ပညာရေးကဏ္ဍ အသုံးစရိတ်သည်လည်း လွန်ခဲ့သော သုံးနှစ်တာကာလအတွင်း သုံးဆတိတိ တိုးတက်ခဲ့ပါသည်။ သို့သော် စိန်ခေါ်မှုများစွာကျန်ရှိနေဆဲဖြစ်ပါသည်။ ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာမူလတန်းတွင် လာရောက်အပ်နှံနိုင်ရေးသည် မြန်မာနိုင်ငံ၌ ဝေးကွာနေဆဲဖြစ်ပြီး ပညာရေးနှင့်ပတ်သက်သည့် ဥပဒေမူဘောင်များသည်လည်း ခေတ်နှင့်လျော်ညီခြင်းမရှိတော့ပါ။ ထို့ပြင် ယင်းအခြေခံပညာသင်ရိုးညွှန်းတမ်းများ ပြုပြင်ရေးဆွဲရေး ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားမှုရှိနေသည့် မြန်မာ့ရေခံမြေခံနှင့် ကိုက်ညီမှုရှိသော သင်ရိုးသုံး ဘာသာစကားများ ထည့်သွင်းအသုံးပြုရေးအတွက်လည်း နိုင်ငံတော် အစိုးရအား တောင်းဆိုမှုများ ရှိလာကြပါသည်။ ထိုသို့ သက်ဆိုင်ရာ အဆင့်အားလုံး၌ ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်ရေးသည် ခက်ခဲနေဆဲဖြစ်ပြီး အထူးသဖြင့် ထိုသို့ ဗဟိုတစ်ခုတည်းမှ ထိန်းချုပ်ဆောင်ရွက်နေရာမှ အောက်ခြေအဆင့်များ၌ ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်ဆောင်ရွက်ခွင့်ရရှိဖို့ဆိုလျှင် ဒေသန္တရအာဏာပိုင်အဖွဲ့အစည်းများ၏ တာဝန်နှင့် အခန်းကဏ္ဍများကို မြင့်တင်ပေးရန်လိုအပ်ပါလိမ့်မည်။

ယခုအချိန်ထိ မြန်မာနိုင်ငံပညာရေးဝန်ဆောင်မှု ပေးအပ်နေသည့်အပိုင်းတွင် အစိုးရသည် ပမာဏ အများဆုံးဖြစ်ပြီး ဘုန်းကြီးကျောင်းပညာရေးစနစ်၊ တိုင်းရင်းသားပညာရေးဌာနများနှင့် အခြားအစိုးရပိုင်မဟုတ်သည့် ပညာရေးဝန်ဆောင်မှု ပေးအပ်နေသူများလည်း ရှိကြပါသည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရမှ

ထောက်ပံ့ပေးထားသည့် ပညာရေးကဏ္ဍ၌ အခြေခံပညာမူလတန်းကျောင်းနှင့် မူလတန်းလွန်ကျောင်း ၃၅,၅၀၀ ၊ အလယ်တန်းကျောင်း ၃၀၀၀ နှင့် အထက်တန်းကျောင်း ၂,၃၀၀ ခန့်ရှိကြပါသည်။ အခြေခံပညာမူလတန်းကျောင်းများ (သူငယ်တန်းမှ - စတုတ္ထတန်း) ၌ကျောင်းသား ဦးရေ ၅.၂ သန်း၊ အလယ်တန်းကျောင်းများ (ပဉ္စမတန်းမှ - အဋ္ဌမတန်း) ၌ကျောင်းသားဦးရေ ၂.၃ သန်းနှင့် အထက်တန်းကျောင်းများ (နဝမတန်းမှ - ဒသမတန်း) ၌ ကျောင်းသားဦးရေ ၀.၇ သန်းခန့် ပညာသင်ကြားနေကြပါသည်။ အစိုးရထံတွင် တရားဝင် မှတ်ပုံတင်ထားသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၁၄၀၀ ခန့်ရှိပြီး (စုစုပေါင်းကျောင်းအပ်နှံမှု၏ ၁ ရာခိုင်နှုန်းအောက်ရှိ) တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် အဖွဲ့အစည်းအလိုက် ရပ်ရွာအလိုက် စာသင်ကျောင်းများနှင့် အချို့ပြည်နယ်များ၌ အပစ်အခတ်ရပ်ဆဲရေး အဖွဲ့များမှ တည်ထောင်ထားသည့် စာသင်ကျောင်းများလည်း ရှိနေကြပါသေးသည်။ ပုဂ္ဂလိကကျောင်းများ၌ အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအတွက် ကျောင်းသားအပ်နှံမှု မရှိသလောက် နည်းပါးသော်လည်း အထက်တန်း ကျောင်းပညာရေးအတွက် ကျောင်းသားအပ်နှံမှုသည် စုစုပေါင်းကျောင်းအပ်နှံမှု ၅% ခန့်မျှရှိပါသည်။ (၂၀၀၉/၂၀၁၀ MICS မှ ပြုလုပ်ခဲ့သည့်စစ်တမ်းအရ) အခြေခံပညာမူလတန်းအတွက် စုစုပေါင်းကျောင်းအပ်နှံမှုနှုန်းသည် ၈၆.၇% ရှိခဲ့ပြီး၊ အလယ်တန်းကျောင်းများအတွက် ၅၈% နှင့် အထက်တန်းကျောင်းများအတွက် ၃၂% ဟူ၍ တဖြည်းဖြည်း ကျဆင်းလာခဲ့ပါသည်။ စုစုပေါင်းကျောင်းအပ်နှံမှုနှုန်းသည် ဆင်းရဲနွမ်းပါးသူများနှင့် နေထိုင်ရာ လူဦးရေရှိအောက်ခြေလူတန်းစား ၄၀% တို့တွင် အနိမ့်ဆုံးဖြစ်နေကြပါသည်။ မူလတန်းကျောင်းနေအရွယ် ကလေးငယ်များ၏ ၁ သန်းနီးပါးခန့်သည် စာသင်ကျောင်းသို့ ရောက်ရှိလာခြင်းမရှိကြောင်း ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်မှုများအရ သိရှိရသည်။ မူလတန်းပညာသင်ကြားရေးအဆင့်၌ နိုင်ငံတော်အဆင့်ဖြစ်စေ ပြည်နယ်အဆင့်တွင်ဖြစ်စေ ကျောင်းသားအပ်နှံမှု ပုံစံသည် ကျား-မ ကွဲပြားမှု သိသိသာသာမရှိပါ။ သို့သော် အလယ်တန်းနှင့် အထက်တန်းအဆင့်တွင်မူ မိန်းကလေးများ စုစုပေါင်း ကျောင်းအပ်နှံမှုနှုန်းသည် ယောကျ်ားလေးများထက် မြင့်မားပါသည်။ ထိုသို့ အလယ်တန်းနှင့် အထက်တန်းအဆင့်များ၌ မိန်းကလေးများ ကျောင်းအပ်နှံမှု သိသိသာသာ မြင့်မားလာရခြင်းမှာ လုပ်သားဈေးကွက်အတွင်း ယောကျ်ားလေးများအတွက် အခွင့်အလမ်းများ ပိုမိုများပြားလာခြင်းကြောင့်ဟု သွယ်ဝိုက်ညွှန်းဆိုနေပါသည်။ အများအားဖြင့် သူငယ်တန်းမှ ဒသမတန်းအထိ အခြေခံပညာအဆင့်များအား ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ပညာရေးစီမံကိန်းရေးဆွဲမှုနှင့် လေ့ကျင့်သင်ကြားမှုဦးစီးဌာန (DEPT) နှင့် ဒေသအလိုက်တည်ရှိနေသည့် အခြေခံပညာဦးစီးဌာန (DBE) ၁၊၂၊၃ တို့မှ စီမံကွပ်ကဲပါသည်။ (ပုံ-၁-တွင်ရှု)။ ပြည်နယ်နှင့်တိုင်း ၁၇ ခု၌ ပညာရေးမှူးရုံးများ အသီးသီးရှိကြပြီး (ဝန်ကြီးဌာန ဖွဲ့စည်းပုံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ယူဆနိုင်သည့်) မြို့နယ်ပေါင်း ၃၃၀ ခန့်ရှိ အဆိုပါပညာရေးမှူးရုံးများသည် အခြေခံပညာသင်ကြားရေးလုပ်ငန်းအတွက် တာဝန်ရှိသည့် ဌာနများဖြစ်ကြပါသည်။ အခြေခံပညာရေးနှင့်ပတ်သက်၍ စီမံအုပ်ချုပ်မှုအလုံးစုံကို မကြာသေးမီ ကာလအထိ ဗဟိုမှ အဓိကချုပ်ကိုင်၍ ပွင့်လင်းမြင်သာမှုမရှိသော စီရင်ဆုံးဖြတ်ချက်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ စီရင်ဆုံးဖြစ်နိုင်သည့်အဆင့်သည် ပညာရေးဝန်ကြီးဌာနတွင်သာရှိပြီး အထူးသဖြင့် အဆိုပါ အခြေခံပညာဦးစီးဌာနများလက်ဝယ်တွင်သာ ရှိခဲ့ကြပါသည်။ မကြာမီကမှစတင်၍ "ဘက်စုံပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု" (CESR) ကို စတင်ဆောင်ရွက်ခဲ့ပြီး ပို၍ပွင့်လင်းမြင်သာမှုရှိသည့် အရိပ်အယောင်တို့ကို ပေါ်ပေါက်စေခဲ့ပါသည်။ ထို့ပြင် ဘဏ္ဍာရေးဆိုင်ရာ ဆုံးဖြတ်ခွင့်များနှင့် ၊ သင်ရိုးညွှန်းတမ်း ရေးဆွဲခြင်းဆိုင်ရာ စီရင်ဆုံးဖြတ်ခွင့်များအား အစိုးရ၏ အောက်ခြေအဆင့်များသို့ ပေးအပ်ထားလိုသည့် အလားအလာများကိုလည်း ပေါ်ပေါက်စေခဲ့ပါသည်။

**ပုံ -၁- မြန်မာနိုင်ငံ၏ အခြေခံပညာစနစ်ဖွဲ့စည်းတည်ရှိပုံ**




ပညာရေးသည် နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်၌ ဦးစားပေးဆောင်ရွက်ရမည့်ကဏ္ဍတစ်ခု ဖြစ်လာကြောင်းကို ယင်းကဏ္ဍအတွက် ဘဏ္ဍာရေးဆိုင်ရာ အသစ်ရေးဆွဲဆောင်ရွက်ချက်များအရ သိရှိရပါသည်။ ၂၀၁၀/၂၀၁၁ ဘဏ္ဍာနှစ်အတွက် ပြည်သူ့ပညာရေးကဏ္ဍအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၃၅၄ သန်းနှင့်ညီမျှသော ပမာဏရှိခဲ့ပြီး ယင်းသည် ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှု (GDP) ၏ ၀.၇% ခန့်မျှရှိခဲ့ပါသည်။ ယခု ၂၀၁၃ / ၂၀၁၄ ဘဏ္ဍာနှစ်တွင်မူ ပညာရေးကဏ္ဍတွင် အသုံးပြုမည့်ဘဏ္ဍာငွေကို အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့်အထိ တိုးမြှင့်ခဲ့ပြီး ယင်းပမာဏသည် အစိုးရအသုံးစရိတ်အားလုံး၏ ၁၄% ခန့်မျှ ရှိပါသည်။ ထိုသို့ပညာရေးကဏ္ဍအတွက် ထပ်မံသုံးစွဲခဲ့သည့် ဘဏ္ဍာငွေပမာဏအတော်များများသည် ဒေသတွင်းစံချိန်များနှင့်စာလျှင် အလွန်နည်းပါးနေသေးသည့် ဆရာ/ဆရာမများ၏ လစာငွေများကို တိုးမြှင့်ပေးရန်အတွက် သုံးစွဲခဲ့ခြင်းဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် လစာငွေပေးအပ်ရခြင်းမျိုးမရှိဘဲ ငွေပြန်ပေါ်နိုင်သည့် ဘဏ္ဍာငွေသုံးစွဲမှုပုံစံမျိုးကို တိုးမြှင့်သွားရန် အလေးထားဆောင်ရွက်ရမည့်အပြင် အစိုးရသာမက အခြားအလှူရှင်များကပါ ငွေကြေးထောက်ပံ့မှုပြုသည့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရပါမည်။ ထိုသို့ ပညာရေးကဏ္ဍအတွက် ပြည်သူ့ရန်ပုံငွေများ တိုးတက်လာခြင်းကြောင့်

ပုဂ္ဂလိကကဏ္ဍမှ ထည့်ဝင်လာသည့် အသုံးစရိတ်များနှင့် ပြည်သူ့ရန်ပုံငွေ အသုံးပြုနေမှုတို့ကို ပြန်လည်ညီမျှသွားစေပါသည်။

ပညာရေးအသုံးစရိတ်နှင့် ပတ်သက်၍ ကမ္ဘာ့ဘဏ်မှ မကြာသေးမီက ပြုလုပ်ခဲ့သော စစ်ဆေးမှုအရ ၂၀၀၉ / ၂၀၁၀ ခုနှစ်တွင် ပညာရေးကဏ္ဍအတွက် ပုဂ္ဂလိက ကဏ္ဍမှပါဝင်နေသည့် အသုံးစရိတ်ပမာဏသည် မြန်မာနိုင်ငံလုံး၌ အသုံးပြုထားသည့် ပညာရေးအသုံးစရိတ်၏ သုံးပုံနှစ်ပုံခန့်ရှိကြောင်း ဖော်ပြနေပါသည်။ ယင်းပမာဏသည် ကမ္ဘာ့အဆင့်တန်းနှင့်နှိုင်းစာလျှင်ပင် မြင့်မားမှုရှိသည့်ဟု ဆိုနိုင်ပါသည်။ မကြာမီကာလအတွင်းမှ ပြည်သူ့အသုံးစရိတ်များ မြှင့်တက်လာခဲ့ခြင်းသည် ပြည်သူ့ကဏ္ဍ၌ ပိုမိုညီညွတ်မျှတမှုရှိသည့် ပညာရေးကုန်ကျစရိတ်များ ဖြစ်ပေါ်လာပြီးဖြစ်ကြောင်း သွယ်ဝိုက်ဖော်ပြနေပါသည်။ ဤနည်းအားဖြင့် နောင်မဝေးတော့သည့် ကာလများတွင်လည်း ပညာရေးကဏ္ဍအတွက် ပြည်သူ့အသုံးစရိတ်မြှင့်တင်မှုကို ဆက်လက် ဆောင်ရွက်သွားနိုင်ဖွယ်ရာရှိပြီး (ပြည်သူပိုင်နှင့်ပုဂ္ဂလိကပိုင်) ပညာရေးအသုံးစရိတ် အားလုံးပေါင်း၏ ပမာဏတစ်ခုအနေဖြင့် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားလိမ့်မည်ဟု မျှော်လင့်ရပါသည်။

**ဇယား-၁- ၂၀၀၉/၂၀၁၀ - ၂၀၁၃/၂၀၁၄ စုစုပေါင်းပညာရေးအသုံးစရိတ်**

*(million kyats)*

| ပညာရေးအဆင့် | 2009-10 | 2010-11 | 2011-12 | 2012-13 (RE) | 2013-14 (BE) |
|---|---|---|---|---|---|
| • အခြေခံပညာအဆင့် | 183,554 | 235,376 | 270,927 | 521,392 | 732,590 |
| • အဆင့်မြင့်ပညာအဆင့် | 25,284 | 30,604 | 37,848 | 241,968 | 366,269 |
| စီမံအုပ်ချုပ်ရေးအဆင့်နှင့်အခြား | 623 | 722 | 947 | 1,963 | 2,165 |
| အစိုးရ၏စုစုပေါင်းပညာရေးအသုံးစရိတ် | **209,461** | **266,702** | **309,722** | **765,322** | **1,101,024** |
| အိမ်ထောင်စုအလိုက်ပညာရေးအသုံးစရိတ် | 428,399 | 437,824 | 473,726 | 486,990 | 500,626 |
| စုစုပေါင်း | **637,860** | **704,526** | **783,448** | **1,252,312** | **1,601,650** |
| အိမ်ထောင်စုအလိုက်အသုံးပြုသည့်စရိတ်များအား စုစုပေါင်းပညာရေးအသုံးစရိတ် ရာခိုင်နှုန်းဖြင့်ပြပုံ | **67.2%** | **62.1%** | **60.5%** | **38.9%** | **31.3%** |
| ပညာရေးအသုံးစရိတ်အား GDP ရာခိုင်နှုန်းဖြင့်ပြပုံ | **1.8%** | **1.8%** | **1.8%** | **2.6%** | **3.0%** |
| အစိုးရ၏စုစုပေါင်းပညာရေးအသုံးစရိတ်အား GDP ရာခိုင်နှုန်းဖြင့်ပြပုံ | **0.6%** | **0.7%** | **0.7%** | **1.6%** | **2.1%** |
| စုစုပေါင်းပညာရေးအသုံးစရိတ်အား နိုင်ငံတော်အစိုးရ၏ စုစုပေါင်းအသုံးစရိတ် ရာခိုင်နှုန်းဖြင့်ပြပုံ | **6.6%** | **6.1%** | **6.9%** | **10.1%** | **14.1%** |

သတင်းအရင်းအမြစ် (၁) ဘဏ္ဍာရေးအချက်အလက်များအား PER အချက်အလက်အစုစုမ ရရှိပါသည် (၂) GDP ရာခိုင်နှုန်းများကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ၂၀၁၃ ဩဂုတ်လ ထုတ်ပြန်ချက်အပိုဒ်-၄ မှ ရရှိပါသည်။ (၃) ပညာရေးဝန်ကြီးဌာနလက်အောက်တွင်မရှိသည့် အဆင့်မြင့်ပညာရေးများအတွက် ပညာရေး အသုံး စရိတ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ရရှိပါသည်။ (၄) ၂၀၀၉/၂၀၁၀ ခုနှစ်အတွက် အိမ်ထောင်စုအလိုက် အသုံး စရိတ်များကို IHLCS ၂၀၀၉/၂၀၁၀ မှလည်းကောင်း (နောက်ပိုင်းနှစ်များအတွက် အချက်အလက်များကို ကမ္ဘာ့ဘဏ် ခန့်မှန်းချက်များမှလည်းကောင်း) ရရှိပါသည်။

မြန်မာနိုင်ငံ၌ ပညာရေးကဏ္ဍအုပ်ချုပ်မှုအပိုင်းသည် ဗဟိုချုပ်ကိုင်မှုရှိနေရာမှ တစ်စထက်တစ်စ ဖြေလျော့လာ သည်ဟုဆိုရပါမည်။ အခြားအစိုးရစနစ်များကဲ့သို့ ပညာရေးကဏ္ဍအုပ်ချုပ်မှုကို ယခင် ဗဟိုအုပ်ချုပ်မှု မြင့်မား နေသည့် အခြေအနေမှ အောက်ခြေအုပ်ချုပ်ရေးအဆင့်များအား အခွင့်အာဏာများ ပိုမိုပေးအပ်သည့် ပုံစံသို့ အသွင်ကူးပြောင်းသွားနိုင်စေရန် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဤစီမံကိန်း ၏ ပဓာနရည်ရွယ်ချက်ဖြစ်သော ရန်ပုံငွေထောက်ပံ့မှုနှင့် ပတ်သက်၍ ဗဟိုချုပ်ကိုင်မှုဖြေလျော့စေရန် ပိုမို ဆောင်ရွက်သွားခြင်းအပြင် ဒေသအလိုက် တောင်းဆိုမှုများနှင့် ကိုက်ညီမှုရှိစေမည့် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးသုံး ဘာသာစကားများ အသုံးပြုသွားနိုင်စေမည့်မူဝါဒများအား ပြန်လည်စိစစ်ရေးဆွဲခြင်းလုပ်ငန်းများ ကိုပါ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ အသွင်ကူးပြောင်းမှုသည် တစ်စထက်တစ်စ ဆက်လက်ဖြစ်ပေါ် သွားမည်ဟုယူဆရပြီး ဒေသဆိုင်ရာအကြောင်းအရာတို့အပေါ်မူတည်၍ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင် ပညာရေးမှူးများ၌ အခွင့်အာဏာများအား အနည်းနှင့်အများ အသုံးပြုနေကြပုံလိုက်၍ အညီအမျှ ဖြစ်ထွန်း သွားနိုင်မည်တော့ မဟုတ်ပေ။ သို့ရာတွင် မြန်မာနိုင်ငံရှိ မြို့နယ်ပညာရေးမှူးရုံး ၃၃၀ ခန့်သည် နိုင်ငံအနှံ့ အခြေခံပညာ ဖြန့်ဖြူးရေးလုပ်ငန်းအတွက် ပဓာနကျသည့် အခန်းကဏ္ဍမှ ပါဝင်သွားဖွယ်ရာရှိပါသည်။

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍသည် နိုင်ငံ၏ပြောင်းလဲနေသော နိုင်ငံရေးရှုကွက်ကို လှစ်ဟပြနေပါသည်။ ပုဂ္ဂလိကကျောင်းများတွင် ကျောင်းအပ်မှုနှုန်း မြင့်မားလျက်ရှိသည်ကို ထောက်ဆခြင်းအားဖြင့် မြန်မာနိုင်ငံ၌ ပညာရေးသည် တန်ဖိုးမြင့်မားလျက်ရှိကြောင်း အစီရင်ခံစာများက ဆိုကြပါသည်။ ပညာရေးကဏ္ဍ၌အစိုးရ၏ ထောက်ပံ့ငွေနည်းပါးခြင်းကလည်း မညီမျှမှုများကို ပို၍ ဆိုးရွားသွားစေပါသည်။ ပိုမိုဆင်းရဲနွမ်းပါး၍ သီးခြား ရပ်တည်နေသည့်ဒေသများသည် အခြားဒေသများနှင့်နှိုင်းစာပါက ငွေကြေးအထောက်အပံ့နှင့် အတတ်ပညာ ပိုင်းဆိုင်ရာ စွမ်းဆောင်ရွက်များကင်းမဲ့ခြင်းစသည်တို့ကို ကြုံတွေ့နေရပါသည်။ ထိုသို့ပညာရေးစနစ်၌ ထောက်ပံ့ငွေနည်းပါးမှုကို တစ်စထက်တစ်စ ကိုင်တွယ်ဖြေရှင်းသွားရပါလိမ့်မည်။ သို့သော် မြို့နယ်များ အပါအဝင် နိုင်ငံတော်အဆင့် အောက်ခြေရှိ စီရင်ဆုံးဖြတ်ပိုင်ခွင့်ရရှိထားသည့် ဌာနများနှင့် (မိဘဆရာ အသင်းနှင့် ကျောင်းကော်မတီများအပါအဝင်) ကျောင်းအဆင့်ကော်မတီများ၏ စွမ်းဆောင်ရည်နှင့် စိတ်လို လက်ရ ပါဝင်ဆောင်ရွက်မှုများဖြင့် သက်ဆိုင်ရာအစုအဖွဲ့များအားလုံးကို ကိုယ်စားပြုနိုင်ရန်နှင့် ရှားပါး အရင်းအမြစ်များကို အကျိုးခံစားခွင့်မရှိသေးသည့် နယ်မြေဒေသ၊ အစုအဖွဲ့များထံ ဦးတည်ရောက်ရှိသွားနိုင် ရန် ဆောင်ရွက်ရေးသည် အလေးထားဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်အဖြစ်ကျန်ရှိနေပါသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအတွင်းကျင့်သုံးလျက်ရှိသည့် ပညာရေးမူဝါဒများအားပြန်လည် သုံးသပ်ရန် စိစစ်ရေးလုပ်ငန်းများ လုပ်ဆောင်သွားရန်နှင့် မဟာဗျူဟာအသစ်တစ်ခု ရေးဆွဲသွားရန်အတွက် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် ကတိပြုထားပါသည်။ မြန်မာနိုင်ငံရှိ "ဘက်စုံပညာရေး ကဏ္ဍပြုပြင်ပြောင်းလဲမှု" လုပ်ငန်းစဉ်အား အစောတလျင် စစ်ဆေးအတည်ပြုသည့် အဆင့်ကို ၂၀၁၃ ခုနှစ်အစောပိုင်းတွင် ပြုလုပ်နိုင်ခဲ့ပြီး ပညာရေးကဏ္ဍ၏ ဘက်စုံပါဝင်ရေး စီမံကိန်း သည်လည်း ဆောင်ရွက်ဆဲဖြစ်ကာ ၂၀၁၄ ခုနှစ် နှစ်လည်ပိုင်းတွင် စတင်ပေးအပ်သွားနိုင်မည်ဟု ခန့်မှန်း ရပါသည်။ နိုင်ငံတော်သမ္မတကလည်း ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများအား အရှိန်အဟုန်မြှင့်တင်၍ လက်တွေ့ကျကျ ဆောင်ရွက်သွားရန်လိုကြောင်း အလေးအနက်ထား မှာကြားခဲ့ပါသည်။ ပညာရေးအဆင့် မြှင့်တင်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ (EPIC) ကို ၂၀၁၃ အောက်တိုဘာတွင် စတင်ဖွဲ့စည်းခဲ့ပြီး ကော်မတီမှ အဓိကဆောင်ရွက်ရမည့်တာဝန်မှာ "ဘက်စုံပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှု" (CESR) တွင်ပေါ်ထွက်လာသည့် အကြံပြုချက်များ ၊ တွေ့ရှိချက်များမှ ကောက်နုတ်ရယူ၍ ပညာရေးကဏ္ဍ အတွက် မူဘောင်တစ်ခုသဖွယ်ဖြစ်စေမည့် ပညာရေးမူဝါဒများနှင့် အမျိုးသားပညာရေးဥပဒေတို့ကို ရေးဆွဲ သွားရန် ဖြစ်ပါသည်။ ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ကဏ္ဍဆိုင်ရာအသိပညာဗဟုသုတတွင်လည်းကောင်း ပညာရေးအတွက်အရင်းအမြစ်များစီမံခန့်ခွဲရန်နှင့် စီမံကိန်းရေးဆွဲရန် မြန်မာနိုင်ငံ၏ စွမ်းဆောင်ရည်ရရှိနိုင်မှု အပိုင်းတွင်လည်းကောင်း ကွာဟမှုများ ဆက်လက်ရှိနေစေကာမူ ပြောင်းလဲနေသည့် နိုင်ငံရေးရှုကွက်သည် အဆိုပါ စနစ်ထူထောင်ရေးလုပ်ငန်းအား အရှိန်အဟုန်မြှင့်တင်နိုင်စေရန် အခွင့်အလမ်းများ ဖြစ်ပေါ်စေပါ လိမ့်မည်။ မြန်မာနိုင်ငံသည် နိုင်ငံတွင်း ဖော်ဆောင်လျက်ရှိသည့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ၌ စာသင်ကျောင်းအားများထောက်ပံ့ငွေများပေးအပ်ရေး၊ ပညာသင်ထောက်ပံ့ကြေးပေးအပ်ရေး အစီအစဉ်များအား "လတ်တလောအလုပ်ဖြစ်စေမည့်အရာများ" အဖြစ် ဦးစားပေး ဆောင်ရွက်လျက်ရှိပါ သည်။ သင်ယူရေး ရလဒ်များနှင့် ပတ်သက်၍ ယုံကြည်စိတ်ချရနိုင်လောက်သည့် သတင်းအချက်အလက် များမရှိခြင်းက အသိပညာပေးလုပ်ငန်းများနှင့် ရင်းနှီးမြုပ်နှံရေးအစီအစဉ်များအတွက် အဓိက အဟန့်အတား ဖြစ်စေကြောင်း 'ဘက်စုံပညာရေးကဏ္ဍပြုပြင်ပြောင်းလဲ' အဆောတလျင် စိစစ်အတည်ပြုချက်နှင့် အခြား သော ကဏ္ဍဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများက ဖော်ပြကြပါသည်။

## ပညာရေးကဏ္ဍ ရန်ပုံငွေထောက်ပံ့မှုအတွက် ဗဟိုချုပ်ကိုင်မှုဖြေလျော့ခြင်း

လက်ရှိအချိန်၌ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍရန်ပုံငွေ ထောက်ပံ့မှုအား ဗဟို ချုပ်ကိုင်မှုဖြေလျော့ခြင်းကို အမျိုးသားရေး အစီအစဉ် နှစ်ရပ်ဖြင့် ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ယင်းတို့မှာ အစီအစဉ် (၁) အရလုပ်ငန်းလည်ပတ်ရေး အသုံးစရိတ်အသီးသီးအတွက် ထောက်ပံ့ငွေများကို မြို့နယ်များမှတစ်ဆင့် စာသင်ကျောင်းများသို့ ကျောင်းရှိကျောင်းသား အရေအတွက်ကို မူတည်၍ လွှဲပြောင်း ပေးအပ်သွားရန်နှင့် အစီအစဉ် (၂) အရ ဆင်းရဲနွမ်းပါးသည့် ကလေးများအတွက် ပညာသင်ထောက်ပံ့ ကြေးနှင့် ထူးချွန်ကျောင်းသားများအတွက် ပညာသင်ဆုများအား လက်ငင်းငွေသားဖြင့်ပင် သက်ဆိုင်ရာ မြို့နယ်များမှ တစ်ဆင့်စာသင်ကျောင်းများသို့ လွှဲပြောင်းပေးအပ်သွားရန်တို့ဖြစ်သည်။ စာသင်ကျောင်းများ အား ထောက်ပံ့ငွေပေးအပ်သည့် အစီအစဉ်သည် ၂၀၁၀ / ၂၀၁၁ စာသင်နှစ်တွင် အခြေခံပညာမူလတန်း (သူငယ်တန်းမှ စတုတ္ထတန်းအထိ) အခမဲ့ပညာသင်ကြားနိုင်ရေးဟူသော နိုင်ငံတော်အစိုးရ၏ ဆုံးဖြတ်ချက် အရ စာသင်ကျောင်းများအား ရန်ပုံငွေပေးအပ်ခဲ့ခြင်းမှ အစပြုခဲ့ပါသည်။

အဆိုပါကနဦးဆောင်ရွက်ချက်နှစ်ခုစလုံးသည် ၂၀၀၉/၂၀၁၀ ပညာသင်နှစ်အတွင်း ဝန်ကြီးဌာနအမိန့်ဖြင့် စတင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။ ယင်းအမိန့်များအရ ထောက်ပံ့ပေးမည့် ရန်ပုံငွေပမာဏနှင့် ရန်ပုံငွေ လည်ပတ်ပုံတို့နှင့် စပ်လျဉ်းသည့် အခြေခံမူဘောင်တစ်ခုကို ရေးဆွဲစေခဲ့သော်လည်း အထက်ဖော်ပြပါ ကနဦး ဆောင်ရွက်ချက်နှစ်ခုစလုံး၌ ရန်ပုံငွေအသုံးပြုမည့် ရည်ရွယ်ချက်များ ဖော်ပြပါရှိသည့် သမရိုးကျအစီအစဉ်၊ တာဝန်များအသေးစိတ်ဖော်ပြထားမှု၊ လုပ်ငန်းဆောင်ရွက်မှုပြအညွှန်းကိန်းများ၊ သို့မဟုတ် ပညာရေးစနစ် ပေါ်တွင် ယင်းတို့၏ သက်ရောက်မှုရှိပုံတို့အား အကဲဖြတ်ရန် ပြဋ္ဌာန်းချက်များစသည်တို့ပါဝင်ခြင်းမရှိပါ။ ထို့ပြင် အဆိုပါအစီအစဉ်များအား မည်သို့အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဆိုသည်ကို ရှင်းလင်း ဖော်ပြနိုင်မည့် လက်စွဲစာစဉ်နှင့် လေ့ကျင့်သင်တန်းပေးမှုများလည်း မရှိခြင်းကြောင့် မြို့နယ်ပညာရေးမှူး များနှင့် ကျောင်းအုပ်များအနေဖြင့် လက်ရှိအချိန်၌ ယင်းအစီအစဉ်များအား အကောင်အထည်ဖော်ရာတွင် အထောက်အပံ့နှင့် လမ်းညွှန်မှုများမရရှိနိုင်ကြပါ။

စာသင်ကျောင်းထောက်ပံ့ငွေပေးအပ်ရေး အစီအစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်သွားမည် ဖြစ်ပြီး ထောက်ပံ့ငွေအဖြစ်ပေးအပ်မည့် ပမာဏသည်လည်း ယခင်ကအလွန်အမင်းနည်းပါးနေခဲ့စေကာမူ အလျှင်အမြန် မြင့်တက်လာခဲ့ပါသည်။ ၂၀၁၂/၂၀၁၃ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံ၌ အရွယ်အစား သေးငယ်သည့် ကျောင်းများအတွက် ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၂၅၀၊ အလယ်အလတ်ရှိ ကျောင်းများအတွက် အမေရိကန်ဒေါ်လာ ၉၀၀ နှင့် အရွယ်အစားကြီးမားသည့် ကျောင်းများအတွက် အမေရိကန်ဒေါ်လာ ၅၀၀ တို့အား ကျောင်းတွင်းလုပ်ငန်းလည်ပတ်ရေး ကုန်ကျစရိတ်များအတွက် တိုက်ရိုက်ထောက်ပံ့ငွေများအဖြစ် အသီးသီးပေးအပ်ခဲ့ပါသည်။ ယင်း အစီအစဉ်အရ စာသင်ကျောင်းပေါင်း ၄၀,၀၀၀ ကျော်ကိုထောက်ပံ့ပေးနိုင်ခဲ့ပြီး ၂၀၁၂/၂၀၁၃ အသုံး စရိတ်စုစုပေါင်း၏အမေရိကန်ဒေါ်လာ ၁၅ သန်းမျှရှိပါသည်။ ယင်းပမာဏသည် ၂၀၁၃/၂၀၁၄ ဘဏ္ဍာနှစ်တွင် နှစ်ဆကျော်ခန့်အထိ မြင့်တက်လာခဲ့ ပါသည်။ အိမ်နီးချင်းနိုင်ငံများ (ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်) ၏ ကျောင်းထောက်ပံ့ငွေ ပေးအပ်ရေး အစီအစဉ်များတွင်မူ မူလတန်းကျောင်း တစ်ကျောင်းလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ မှ ၃၀၀၀ အထိနှစ်စဉ်ပေးအပ်လေ့ရှိပါသည်။

စာသင်ကျောင်းထောက်ပံ့ငွေပေးအပ်ရေး အစီအစဉ် စတင်အကောင်အထည်ဖော်ဆောင်ရွက်သည့် အစောပိုင်း နှစ်များတွင်ပင်မြင့်တင်နိုင်သည့် နယ်ပယ်များကို အကြံပြုထားပါသည်။ မြို့နယ်ပညာရေးမှူးများ ကျောင်းအုပ်များသည် ထောက်ပံ့ငွေပေးအပ်ခြင်းပုံစံတွင်ပါဝင်သည့် အခြေခံအချက်အလက်များကို ရှင်းလင်း ဖော်ပြပေးနိုင်မည့် ပို၍ အသေးစိတ်သည့် လမ်းညွှန်ချက်များနှင့် လေ့ကျင့်သင်တန်းပေးမှုများမှ တစ်ဆင့် အကျိုးကျေးဇူးများရရှိနိုင်ပါလိမ့်မည်။ ယင်းတို့မှာ - ကျောင်းတစ်ကျောင်းလျှင် ထောက်ပံ့ငွေ မည်မျှရရှိနိုင်ပုံ၊ မည်သည့်အခါမျိုး၌ ယင်းထောက်ပံ့ငွေ ရယူနိုင်ပုံ၊ ယင်းထောက်ပံ့ငွေအား မည်သို့ အသုံးပြုနိုင်ပုံနှင့် ထောက်ပံ့ငွေရရှိနိုင်ရန် မည်သည့်သတ်မှတ်ချက်များနှင့် ကိုက်ညီရန်လိုအပ်ပုံ (ဥပမာ - ထောက်ပံ့ငွေအားအသုံးပြုခြင်းနှင့် အစီရင်ခံစာတင်ပြခြင်းတို့အား ကြီးကြပ်ကွပ်ကဲရာတွင် ရပ်ရွာလူထုအား ပါဝင်စေခြင်း) စသည်တို့ဖြစ်သည်။ သက်ဆိုင်ရာ မြို့နယ်နှင့် စာသင်ကျောင်းများသို့ သွားရောက်လေ့လာ ခဲ့သည့်အခါ လက်ရှိအချိန်အထိ အဆိုပါ ထောက်ပံ့ငွေပေးအပ်ခြင်းပုံစံတွင်ပါဝင်ရမည့် အခြေခံ အချက်အလက်များသည် အထူးသဖြင့် စာသင်ကျောင်းများမှ ရယူနိုင်မည့် ထောက်ပံ့ငွေပမာဏနှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားမှုမရှိပါ။ ထို့ပြင် လက်ရှိအချိန်၌ ထုတ်ပေးထားသည့် ထောက်ပံ့ငွေများ သည်လည်း သက်ဆိုင်ရာ ဘဏ္ဍာရေးသတ်မှတ်သင်္ကေတများဖြင့် ထိန်းကွပ်ထားသဖြင့် စာသင်ကျောင်းများ အနေဖြင့် ရရှိလာသည့် အရင်းအမြစ်များအား အမှန်တကယ် လိုအပ်သည့်နေရာများတွင် အသုံးပြုရာတွင်

ကန့်သတ်မှုများ ဖြစ်ပေါ်စေပါသည်။ (ဥပမာအားဖြင့် - လက်ရှိအချိန်တွင် ထုတ်ပေးထားသည့် ထောက်ပံ့ငွေများအနက် အမေရိကန်ဒေါ်လာ ၁၀၀ ကို "ရုံးသုံး" အတွက်ဟု သတ်မှတ်ပေးထားပြီး အခြားဒေါ်လာ " ၁၀၀" ကိုမူ "အထွေထွေအသုံးစရိတ်" ဟုသတ်မှတ်ပေးထားပါသည်။) သို့ဖြစ်၍ ဤစီမံကိန်းသည်မြန်မာနိုင်ငံ၌ စာသင်ကျောင်း ထောက်ပံ့ငွေပေးအပ်ရေးအစီအစဉ်အား ဒေသတွင်းစံနှုန်းများနှင့်အညီ ခိုင်မာအားကောင်းလာစေရန် အကူအညီပေးသွားမည့်အပြင် ကျောင်းအုပ်များနှင့် ရပ်ရွာလူထုတို့အား (ပစ္စည်းပစ္စယများနှင့် လုပ်ငန်းနှစ်ခုစလုံးတွင် အသုံးပြုရမည့်ဘဏ္ဍာငွေဖြစ်သည့်) ထောက်ပံ့ငွေအရင်းအမြစ်များအား မည်သို့ အသုံးပြုရမည်နှင့် ပတ်သက်၍ တစ်စထက်တစ်စ ထောက်ပံ့ကူညီသွားမည်ဖြစ်ပါသည်။

ပညာသင်ထောက်ပံ့ကြေးပေးအပ်မည့် အစီအစဉ်ကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားရန် ရည်ရွယ်ထားသော်လည်း ထောက်ပံ့မည့်ငွေပမာဏနှင့် အကျိုးခံစားမည့်သူ အရေအတွက်တို့ နှိုင်းစာမှု အရ အမြောက်အများ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ ထောက်ပံ့ငွေရယူနိုင်မည့်သူများအဖြစ် လက်ရှိအချိန်တွင် မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ မှ တစ်မြို့နယ်လျှင် ကျောင်းသား ၃၃ ယောက်စီဖြင့် ရွေးချယ်သတ်မှတ်ထားပြီး သူငယ်တန်းမှ ဒသမတန်းအထိ တစ်တန်းလျှင် ကျောင်းသား ၂ ယောက်ကျ ပါဝင်နိုင်မည်ဖြစ်သည်။ ဤနည်းအားဖြင့် အကျိုးခံစားမည့် ကျောင်းသားအရေအတွက်သည် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကျောင်းသားပေါင်း ၁၁,၀၀၀ ဦးခန့် ရှိသွားမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၃ - ၂၀၁၄ ပညာသင်နှစ်တွင် သူငယ်တန်းမှ ပဉ္စမတန်းအတွင်း ပညာသင်ထောက်ပံ့ကြေး ရယူနိုင်မည့် ကျောင်းသားအရေအတွက်ကို နှစ်ဆအထိမြှင့်တင်ရန် စီစဉ်ထားပြီး ဤနည်းအားဖြင့် အကျိုးခံစားခွင့် ရရှိမည့် ကျောင်းသားအရေအတွက်သည် ၁၆,၀၀၀ ဦးအထိရှိလာမည်ဖြစ်သည်။ ထို့ပြင် လာမည့် ၂၀၁၄ -၂၀၁၅ ပညာသင်နှစ်တွင်လည်း အလယ်တန်းနှင့် အထက်တန်းကျောင်းသားများအတွက် အလားတူ ပညာသင် ထောက်ပံ့ကြေးရယူနိုင်မည့် ကျောင်းသားအရေအတွက်ကိုမြှင့်တင်ရန် အစီအစဉ်ရေးဆွဲထားပါသည်။ ပညာသင် ထောက်ပံ့ကြေးအား ၁၀ လတိတိ ပေးအပ်သွားမည်ဖြစ်ပြီး ယင်းထောက်ပံ့ငွေပမာဏသည် မူလတန်းကျောင်းသားများအတွက် တစ်လလျှင် အမေရိကန်ဒေါ်လာ ၅ ဒေါ်လာခန့်၊ အလယ်တန်း ကျောင်းသားများအတွက် အမေရိကန်ဒေါ်လာ ၆ ဒေါ်လာခန့်နှင့် အထက်တန်းကျောင်းသားများအတွက် အမေရိကန်ဒေါ်လာ ၈ ဒေါ်လာခန့်ဟူ၍ အသီးသီး သတ်မှတ်ပေးထားပါသည်။ သို့ဖြစ်၍ လက်ရှိတွင်အဆိုပါ ပညာသင်ထောက်ပံ့ကြေးများအတွက် အမေရိကန်ဒေါ်လာ ၇၀၀,၀၀၀ နှင့်ညီမျှသောပမာဏကို နှစ်စဉ်ချထားပေးလျက်ရှိပါသည်။ ထိုသို့ ပညာသင်ထောက်ပံ့ကြေးအဖြစ်ပေးအပ်သော ထောက်ပံ့ငွေပမာဏသည် အခြားနိုင်ငံများတွင် ပေးအပ်လျက်ရှိသည့် ထောက်ပံ့ငွေပမာဏနှင့် နှိုင်းစာယှဉ်သာသော အခြေအနေတွင် ရှိသော်လည်း ယင်းထောက်ပံ့ငွေ ပေးအပ်ရေးအစီအစဉ်၏ လွှမ်းခြုံပါဝင်နိုင်မှုတွင်မူ နိမ့်ကျနေဆဲဖြစ်ပြီး မြို့နယ်များအနှံ့ ပျံ့နှံ့ရောက်ရှိမှုတွင်လည်း အလွန်ကျဲပါးနေဆဲဖြစ်ပါသည်။

ပညာသင်ထောက်ပံ့ကြေးပေးအပ်ရေး အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်မှုသည် မြို့နယ် အသီးသီးနှင့် မြို့နယ်များအတွင်း၌ပင် ညီညွတ်မှုမရှိကြပါ။ ထိုသို့ တစ်သမတ်တည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမရှိခြင်းသည် သက်ဆိုင်ရာမြို့နယ်နှင့် စာသင်ကျောင်းများ၌လုပ်ငန်း ဆောင်ရွက်ရေး အတွက် ရှင်းလင်းပြတ်သားသည့် အသေးစိတ်လမ်းညွှန်ချက်များမရှိကြခြင်း နှင့် လုပ်ငန်းစဉ်များအတွက် "စံ" တစ်ခု သတ်မှတ်ပေးနိုင်မည့် အဓိကအကောင်အထည်ဖော်ရေးအဆင့်များအား ချန်လှပ်ထားမှုများရှိနေကြောင်း ဖော်ပြနေပါသည်။ ပညာသင်ထောက်ပံ့ကြေးပေးအပ်ရေး အစီအစဉ်အရ မိဘမဲ့ကလေးငယ်များကို

အဓိကထားသည့် ထောက်ပံ့ငွေလက်ခံမည့် ကျောင်းသား အမျိုးအစားရွေးချယ်သတ်မှတ်ရေးပုံစံနှင့် စံသတ်မှတ်ချက်ဟူ၍ မယ်မယ်ရရ မရှိသေးသည့် ဆင်းရဲနွမ်းပါးမှုရှိကြောင်းဖော်ပြနိုင်မည့် စံသတ်မှတ်ချက်များ ပါဝင်သော ကျယ်ကျယ်ပြန့်ပြန့် ရေးဆွဲထားရှိသည့် ပုံစံတို့ကို ပေါင်းစပ်အသုံးပြုရမည်ဖြစ်ပါသည်။ စာသင်ကျောင်းအားလုံးသည် အဆိုပါ ပညာသင်ထောက်ပံ့ကြေးပေးအပ်ရေးအစီအစဉ်၌ ၎င်းတို့ကျောင်းရှိ သက်ဆိုင်ရာ ကျောင်းသားများကို အမည်စာရင်းတင်သွင်းခွင့်ရှိမည်ဖြစ်ပြီး ထိုသို့အမည်စာရင်းတင်သွင်းထားသည့် ကျောင်းသားများအနက် အမှန်တကယ်ထောက်ပံ့ကြေးရရှိမည့်ကျောင်းသားအား ရွေးချယ်သတ်မှတ်ခြင်းကို မြို့နယ်အဆင့်တွင် ပြုလုပ်ကြရပါသည်။ မြန်မာနိုင်ငံ၌ ထိုသို့ ကျောင်းသားရွေးချယ်သတ်မှတ်ရာတွင် ကျင့်သုံးသည့် နည်းလမ်းများသည် တစ်နေရာနှင့် တစ်နေရာ တူညီမှုမရှိကြပါ။ အချို့သောပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများ၌ စာသင်ကျောင်းများရှိ ထောက်ပံ့ငွေ ပေးအပ်ရေးအရာရှိများသည် မိဘဆရာအသင်းများနှင့်ဖြစ်စေ၊ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်ဖြစ်စေ တိုင်ပင်ဆွေးနွေးကြပါသည်။ သို့သော် ထိုသို့တိုင်ပင်ဆွေးနွေးမှုကို မဖြစ်မနေပြုလုပ်ကြရမည်ဟု သတ်မှတ်ထားခြင်းတော့ မဟုတ်ပါ။ အဆိုပါ ပညာသင်ထောက်ပံ့ကြေးငွေများကို သက်ဆိုင်ရာကျောင်းများအားခွဲဝေပေးနိုင်ရန် လက်ရှိအသုံးပြုနေသည့် လမ်းညွှန်ချက်များအရ ကော်မတီများဖြင့် ဖွဲ့စည်းဆောင်ရွက်ကြရန် သက်ဆိုင်ရာ မြို့နယ်များကို တိုက်တွန်းထားကြပါသည်။ လက်တွေ့တွင်မူ ယင်းသို့ကော်မတီများဖြင့် ကျင့်သုံးဆောင်ရွက်မှုသည် မြို့နယ်တစ်ခုနှင့်တစ်ခု တူညီမှုမရှိကြပါ။ လက်ရှိတွင် အဆိုပါ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရေးအစီအစဉ်အား စောင့်ကြည့်စစ်ဆေးရန်နှင့် စိစစ်မှုများပြုလုပ်ရန်အတွက် အဖွဲ့အစည်းပုံစံဟူ၍မရှိသေးသဖြင့် DBE နှင့် DEPT အဆင့်များ၌ ယင်းအစီအစဉ်များအား အမှန်တကယ် အကောင်ဖော်ဆောင်ရွက်ရာတွင်မူ သိမှတ်ဖွယ်ရာအကြောင်းအရာများကို အကန့်အသတ်ဖြင့်ရရှိစေပါသည်။

အဆိုပါ ပညာသင်ထောက်ပံ့ကြေးပေးအပ်ရေးအစီအစဉ်အတွက် ပင်မထောက်ပံ့ငွေများကို ပညာရေး ဝန်ကြီးဌာနမှ မြို့နယ်ပညာရေးမှူးရုံးများထံ လွှဲပြောင်းပေးအပ်ပါသည်။ ထို့နောက် ယင်းထောက်ပံ့ငွေများသက်ဆိုင်ရာ စာသင်ကျောင်းများသို့ရောက်ရှိ၍ သတ်မှတ်ပေးထားသည့် လမ်းညွှန်ချက်များနှင့်အညီ သင့်လျော်ရာအကြောင်းအရာများအတွက် အသုံးပြုလျက်ရှိကြောင်းကို သက်ဆိုင်ရာ မြို့နယ်အသီးသီးမှ တာဝန်ယူကြရပါသည်။ အများအားဖြင့် မြို့နယ်အဆင့်တွင် စာသင်ကျောင်းများထံသို့ ယင်းထောက်ပံ့ငွေများအား လက်ငင်းငွေသားဖြင့် ပေးအပ်လေ့ရှိပါသည်။ လက်ရှိတွင် စာသင်ကျောင်းများအား ယင်းထောက်ပံ့ငွေများအားလက်ခံရယူရန်အတွက် အရအသုံး ခန့်မှန်းချေငွေစာရင်း သို့မဟုတ် စီမံကိန်းများရေးဆွဲတင်ပြန်ရန် သတ်မှတ်ပေးထားခြင်းမရှိပါ။ စာသင်ကျောင်းများမှ လက်ခံရယူလိုက်သည့် ပမာဏများအား ငွေစာရင်းစာအုပ်များတွင်မှတ်တမ်းတင်ထားရှိ၍ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးက စောင့်ကြည့်စစ်ဆေးပါသည်။

ပညာသင်ယူမှုရလဒ်များ "ဘက်စုံပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှု" အား အဆောတလျင် စစ်ဆေးချက်အရ ကျောင်းသားများ၏ ပညာသင်ယူနိုင်မှုရလဒ်များနှင့် ပတ်သက်၍ ယုံကြည်စိတ်ချရနိုင်လောက်သည့် သတင်းအချက်အလက်များမရှိခြင်းက အဆိုပါပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုအတွက် အတားအဆီးတစ်ခု သဖွယ်ဖြစ်စေကြောင်းသိရှိရပါသည်။ ထိုသို့ ကျောင်းသားများ၏ ပညာသင်ယူနိုင်မှုရလဒ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များသည် အထူးသဖြင့် သက်ဆိုင်ရာဒေသရှိကဏ္ဍစုံမှ ဦးဆောင်ပါဝင်သူများ၌ ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည့်အခွင့်အာဏာနှင့် ဘဏ္ဍာရေးအရစီရင်ဆုံးဖြတ်ခွင့်များ ရရှိထားစေသည့် ဗဟိုချုပ်ကိုင်မှုဖြေလျှော့ထားသည့် စနစ်မျိုးအတွက် အထူးအရေးကြီးလှပါသည်။ ဤနေရာမျိုး၌ ဗဟိုအာဏာပိုင်များ၏ အခန်းကဏ္ဍသည် ဒေသအလိုက်တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့အစည်းများ

အနက်အကျုံးဝင်သွားပါသည်။ ကလေးငယ်များ ကောင်းမွန်စွာ ပညာသင်ကြားနိုင်ခြင်းရှိမရှိနှင့် ပတ်သက်သည့် အချက်အလက်များသည် အသုံးပြုနေသည့်စနစ်၏ စွမ်းဆောင်ရည်အား စစ်ဆေးရန်အတွက် အလွန်အရေးပါလှပါသည်။ သို့ဖြစ်၍ ဆိုခဲ့ပြီးသည့် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ထားသည့်စနစ်များကို အထောက်အကူဖြစ်စေရန်အတွက် စံပြုသင်ယူရေး စစ်ဆေးမှုလုပ်ငန်းများသည် မရှိမဖြစ်လိုအပ်လှပါသည်။

ပညာသင်ထောက်ပံ့ကြေးပေးအပ်သည့် အစီအစဉ်တစ်ကြိမ်ပြီးဆုံးသွားသည့်အခါတိုင်း ကျောင်းသားများ၏ ပညာသင်ယူမှု အခြေအနေများကို ပုံမှန်စစ်ဆေးသည့် စနစ်မျိုး လက်ရှိအချိန်ထိ မြန်မာနိုင်ငံတွင်မရှိသေးပါ။ သို့ဖြစ်၍ ကျောင်းသားကျောင်းသူများအနေဖြင့် သက်ဆိုင်ရာ မူလတန်း သို့မဟုတ် အလယ်တန်း စာသင်နှစ်များ ပြီးဆုံးသွားသည့်အခါတိုင်း ရည်ရွယ်ထားသည့် သတ်မှတ် အရည်အသွေးများ ရရှိသွားခြင်း ရှိမရှိနှင့် ပတ်သက်၍ သတင်းအချက်အလက်များ မရရှိသေးပါ။ စံနမူနာ အဖြစ်ပုံမှန်ကြီးကြပ်ဆောင်ရွက်၍ စစ်ဆေးလျက်ရှိသည့် တစ်ခုတည်းသော စစ်ဆေးမှုမှာမူ အထက်တန်းပညာသင်နှစ်ပြီးဆုံးသွားသည့်အခါ၌ စစ်ဆေးပေးသည့် အခြေခံပညာအထက်တန်း (တက္ကသိုလ်ဝင်တန်း) စာမေးပွဲများသာ ဖြစ်ပါသည်။ သို့ရာတွင် အဆိုပါစာမေးပွဲ ရလဒ်များသည်လည်း တစ်နှစ်နှင့်တစ်နှစ်နှိုင်းယှဉ်နိုင်မှုရှိမရှိဆိုသည့်အချက်နှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားမှု မရှိပါ။

အလှူရှင်ပေါင်းစုံ၏ ပညာရေးရန်ပုံငွေ (MDEF) ဖြင့်မတည်၍ UNICEF မှဦးဆောင်ပြုလုပ်သည့် အခြေခံပညာ အရည်အသွေးမြှင့်တင်ရေးအစီအစဉ် (QBEP) ကြောင့် မြန်မာနိုင်ငံရှိကျောင်းသား ကျောင်းသူများ၏ မြန်မာစာနှင့် ဂဏန်းသင်္ချာတတ်ကျွမ်းမှုတို့ကို သုံးကြိမ်တိတိ စစ်ဆေးပေးနိုင်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်တွင် မြန်မာနိုင်ငံရှိမြို့နယ်ပေါင်း ၃၃၀ မှ မြို့နယ် ၂၀ ရှိ ဒုတိယတန်းနှင့် စတုတ္ထတန်း ကျောင်းသူ/သားများသည် ပထမအကြိမ် စစ်ဆေးမှုတွင် ပါဝင်ခဲ့ကြပါသည်။ ၂၀၀၉ ခုနှစ် နှင့် ၂၀၁၀ ခုနှစ်တွင်လည်း အလားတူမြို့နယ်များမှ ကျောင်းသား/သူများကိုပင် အလားတူစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ သို့သော် အဆိုပါ စစ်ဆေးမှုများသည် သက်ဆိုင်ရာစီမံကိန်းအတွက် အချက်အလက်များရရှိရန် ငွေကြေးအကုန်ကျခံထားသည့် အလှူရှင်များက ပြုလုပ်ခဲ့ခြင်းဖြစ်သည့်အတွက် ယင်းစစ်ဆေးမှု၏ ရလဒ်များကို လူအများ သိသာစေရန် ထုတ်ပြန်ပေးခဲ့ခြင်း မရှိပါ။ ထို့ပြင် ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း မိမိတို့ဝန်ကြီးဌာန လက်အောက်ရှိ စာသင်ကျောင်းများတွင် ပေးအပ်လျက်ရှိသော ပညာရေးအရည်အသွေးကို စစ်ဆေးနိုင်မည့် လုပ်ဆောင်ချက်အဖြစ် ယူဆလျက် အဆိုပါ စစ်ဆေးတွေ့ရှိမှုများကို အသုံးပြုခဲ့ခြင်းမရှိပါ။

ကျား/မအခြေအနေ - ပညာရေးကဏ္ဍတွင် ကျား - မ ညီမျှမှုရှိသည့် အခြေအနေတွင်ရှိကြောင်း သိရှိရပါသည်။ ယောကျ်ားလေး၊ မိန်းကလေး စုစုပေါင်းကျောင်းအပ်နှံမှုနှုန်းတွင် သိသိသာသာ ကွာခြားချက်ဟူ၍ မတွေ့ရပါ။ မူလတန်းကျောင်းအပ်နှံမှုနှုန်းသည် ယောကျ်ားလေး၊ မိန်းကလေးနှစ်ဦးစလုံးအတွက် ၈၈% ရှိကြောင်း ၂၀၀၉/၂၀၁၀ 'ဝင်ငွေအမြောက်အများ စုပြုံကောက်ယူသည့် စစ်တမ်း' (MICS) တွင် ဖော်ပြထားပါသည်။ အလယ်တန်းအဆင့် ကျောင်းအပ်နှံမှုနှုန်းတွင် ၊ မိန်းကလေးများ ၅၉%နှင့် ယောကျ်ားလေးများ ၅၇% ရှိပြီး အထက်တန်းအဆင့်ကျောင်းအပ်နှံမှုနှုန်းတွင် မိန်းကလေး ၃၄% နှင့် ယောကျာ်းလေး ၃၁% အသီးသီး ရှိကြပါသည်။ ထိုသို့အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် မိန်းကလေးကျောင်းအပ်နှံမှုနှုန်း ပိုမြင့်မားလာရခြင်းမှာ လုပ်သားဈေးကွက်တွင် အမျိုးသားများ၏ လခလုပ်စာမြင့်မားခြင်းကြောင့်ဖြစ်ပြီး ထိုသို့ ငွေကြေးအခြေအနေ ဖိအားများကြောင့် ယောကျာ်းလေးများအား ကျောင်းမှ ခပ်စောစော နှုတ်ထွက်သွားစေတတ်ပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာအရ ဖော်ပြထားသည့် နှုန်းထားများတွင်မူ ဒေသတွင်းအဆင့်၌ အချို့ကွာဟချက် အနည်းအကျဉ်းကို ဖျက်ကွယ်ပြထားသယောင်ရှိပြီး အချို့ပြည်နယ်များ၌ မိန်းကလေး

ကျောင်းအပ်နှံမှုနှုန်းက (ယောက်ျားလေးများထက်) ပိုများ၍ အချို့ပြည်နယ်များ၌ ဆန့်ကျင်ဘက်နှုန်းထားများကို ဖော်ပြနေပါသည်။

သို့သော် စုစုပေါင်းကျောင်းအပ်နှံမှုနှုန်းတွင် ထိုသို့အနည်းငယ်မျှသော ကျား၊ မ အခြေအနေကွာဟမှုကို လူမှုရေးစီးပွားရေး အခြေအနေများကြောင့် ကျောင်းအပ်နှံမှုကွာခြားချက်များက ပို၍နည်းပါးသွား စေပြန်ပါသည်။ ဆင်းရဲနွမ်းပါးဆုံးအုပ်စုအတွင်းရှိ အထက်ကျောင်းနေအရွယ်ကလေးငယ်များ၏ ၁၀% အောက်ကသာ အထက်ကျောင်းအပ်နှံမှုရှိကြပြီး၊ အချမ်းသာဆုံးအုပ်စုအတွင်းရှိ ကလေးငယ်များတွင်မူ ၆၀% ကျော်အထိ အထက်တန်းကျောင်း အပ်နှံမှုရှိကြပါသည်။ အထက်ဖော်ပြပါ အခြေခံ ပညာအရည်အသွေး မြှင့်တင်ရေး အစီအစဉ် (QBEP) မှပြုလုပ်ခဲ့သည့် ပညာသင်ယူမှုရလဒ်များ အားစစ်ဆေးချက်များအရ ပဉ္စမတန်း ဂဏန်းသချာ် စစ်ဆေးမှုရမှတ်များသည့် ယောက်ျားလေးနှင့် မိန်းကလေးကွာခြားမှုမရှိဘဲ မြန်မာစာကျွမ်းကျင်မှု စစ်ဆေးရာတွင်မူ မိန်းကလေးများက ရမှတ် ပိုကောင်းကြကြောင်း သိရှိရပါသည်။

စာသင်ကြားနေသည့် ဆရာ/ဆရာမများနှင့် အုပ်ချုပ်ရေးမှူးများအဖြစ်တာဝန်ထမ်းဆောင်ခြင်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနသည် အခြားဝန်ကြီးဌာနများနှင့်စာလျှင် အမျိုးသမီးဝန်ထမ်းအင်အား အများဆုံး ရှိနေကြောင်း သိရှိရပါသည်။ ထိုသို့စာသင်ကြားပေးနေသည့် ဆရာ/ဆရာမများအနက် ၈၃% သည် အမျိုးသမီးများဖြစ်ပြီး အခြေခံပညာမူလတန်းရှိဆရာမ အရေအတွက်က အထက်တန်းပြဆရာမ အရေအတွက်ထက် အနည်းငယ် ပိုသယောင်ရှိပါသည်။ (ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်စသဖြင့်) အဆင့်မြင့် ခေါင်းဆောင်မှုရာထူးများတွင် အမျိုးသမီးများအား ခန့်အပ်ထားရှိခြင်းမရှိသော်လည်း ယင်း၏ အောက်ခြေအဆင့်ရှိ ခေါင်းဆောင်မှုရာထူးများတွင်မူ အမျိုးသမီးများအမြောက်အများကို ခန့်အပ်ထားရှိပါသည်။ ထို့ကြောင့် မူလတန်းကျောင်းအုပ်များ၏ ၆၂% နှင့် အထက်တန်းကျောင်းအုပ်များ၏ ၅၅% သည် အမျိုးသမီးများ ဖြစ်ကြပါသည်။ ထို့ပြင် မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများ အပါအဝင် ပညာရေးကဏ္ဍအနှံ့ ခန့်အပ်ထားရှိသည့် ရာထူးနေရာများကို ကြည့်ပါကလည်း လက်ထောက်ညွှန်ကြားရေးမှူး (နှင့်အထက်) ရာထူးနေရာများ၏ ၇၀% တွင် အမျိုးသမီးများရှိနေကြပါသည်။ (အခြားဝန်ကြီးဌာနအားလုံးတွင်မူ လက်ထောက်ညွှန်ကြားမှူး (နှင့်အထက်) ရာထူးများကို ရရှိထားသည့် အမျိုးသမီးများ၏ ရာခိုင်နှုန်းမှာ ပျမ်းမျှ ၃၃% သာရှိသည် )

ဖွံ့ဖြိုးရေးမိတ်ဖက်များ၏အထောက်အပံ့ - ဤစီမံကိန်းရေးဆွဲမှုကို ဩစတြေးလျနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာန (DFAT)နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းဌာနမှ ဤစီမံကိန်း လည်ပတ်ရန်အတွက် အမေရိကန်ဒေါ်လာသန်း ၂၀ ခန့် ပေးအပ်ကူညီသွားမည်ဖြစ်သည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာနအား နည်းပညာနှင့် ငွေကြေးအကူအညီများပေးနေသည့် ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများကလည်း အဆိုပါ ပညာရေးကဏ္ဍအတွက် ထောက်ပံ့ကူညီမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ပေးအပ်သွားမည်ဖြစ်ပါသည်။ ငွေကြေးအကူအညီပေးအပ်နေမှုနှင့် စပ်လျဉ်း၍ဆိုလျှင် ငွေကြေးထောက်ပံ့မှုအများဆုံးဖြင့် လည်ပတ်နေသည့် စီမံကိန်းမှာ အထက်ဖော်ပြပါ အခြေခံ ပညာအရည်အသွေးမြှင့်တင်ရေးအစီအစဉ် (QBEP) ၏ ဒုတိယအဆင့် (၂၀၁၂ မှ ၂၀၁၅) ဖြစ်ပြီး လေးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ သန်း ၈၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းရပါသည်။ ယင်းအစီအစဉ်အရ အကျိုးခံစားခွင့်နည်းပါးနေသည့် မြို့နယ် ၂၈ မြို့နယ်တွင်ဖြစ်ပြီး အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပြီး အရည်အသွေးမီ အခြေခံပညာကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းလာရောက်အပ်နှံသည့် အရေအတွက်နှင့် အချိုးအစားကို တိုးတက်စေရန်နှင့် အရည်အသွေးမီ အခြေခံပညာများကို ပြီးမြောက်သည်အထိ သင်ယူသွားနိုင်ရန် ရည်ရွယ်၍ ထပ်ဆင့် ကူညီမှု

များ ပေးအပ်သွားမည်ဖြစ်ပါသည်။ MDEF အစီအစဉ်၏ ပထမအဆင့် (၂၀၀၆ -၂၀၁၁ခုနှစ်)တွင် သတ်မှတ်ရွေးချယ်ထားသောမြို့နယ်များ၌ ကြားဖြတ်ဆောင်ရွက်မှု အမြောက်အများကို "ရှေ့ပြေး" အနေဖြင့် ဆောင်ရွက်ခဲ့ပြီး ကျောင်းသုံးစာအုပ်များနှင့် အခြေခံ သင်ထောက်ကူပစ္စည်းများအပါ အဝင် "ပညာသင်ယူရာတွင် မရှိမဖြစ်လိုအပ်သည့် အထောက်အပံ့ပစ္စည်းအစုစုတို့ကို" ပြင်ဆင်ထားရှိ၍ ဖြန့်ဝေပေးခြင်း၊ ဆရာ၊ ဆရာမများအား ကလေးငယ်ဗဟိုပြု သင်ကြားရေးနည်းစနစ်များဖြင့် သင်ကြားနိုင်ရန် လေ့ကျင့်သင်တန်းပေးခြင်း၊ ကျောင်းသားတစ်ဦး၏ ပညာသင်ယူမှုအခြေအနေအား ဆန်းစစ်ရာတွင် စီမံကွပ်ကဲခြင်း၊ နှင့် မြို့နယ်အလိုက်ပညာရေး စီမံခန့်ခွဲဆောင်ရွက်ချက်များကို တိုးတက်စေခြင်းစသည်တို့ပါဝင်ခဲ့ပါသည်။ ထိုသို့ ကြားဖြတ်ဆောင်ရွက်မှုများအား MDEF အစီအစဉ်၏ ဒုတိယအဆင့်တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင် MDEF အနေဖြင့် ၂၀၁၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော CESR (ဘက်စုံပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အား အကူအညီပေးခြင်းအပါအဝင် ပညာရေးဝန်ကြီးဌာနနှင့် တိုးတက်ရေးသို့ ရှေးရှုသည့် မူဝါဒများပို၍ ညှိနှိုင်းဆွေးနွေးသွားနိုင်ရန် အခြေခံအုတ်မြစ် အခိုင်အမာချမှတ်ထားပြီး ဖြစ်ပါသည်။)

## ကမ္ဘာ့ဘဏ်၏အခြားအထောက်အပံ့များ

ဤစီမံကိန်းသည် ကမ္ဘာ့ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့ရေးကြိုးပမ်းအားထုတ်မှုများနှင့်လည်း ဆက်နွယ်မှုများရှိနေပြီး အချက်အချာကျသည့် ဝန်ဆောင်မှုလုပ်ငန်းများပေးအပ်ရာ၌ အစိုးရ၏ လုပ်ဆောင်နိုင်စွမ်းကို ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ပါသည်။ သာဓကအားဖြင့် ဤစီမံကိန်းအား ကမ္ဘာ့ဘဏ် အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေး စနစ်အားခေတ်နှင့်အညီ ဆောင်ရွက်ရေးစီမံကိန်းနှင့် တစ်ပြိုင်နက်တည်းရေးဆွဲ၍ အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယင်းတို့အနက်အစိုးရ "ခေတ်ပေါ်ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေး" စီမံကိန်းကြောင့် ရသုံးခန့်မှန်းခြေငွေစာရင်းပြုလုပ်သည့် လုပ်ငန်းစဉ်အား ပို၍ မဟာဗျူဟာမြောက်အောင် ဆောင်ရွက်သွားနိုင်ခြင်း၊ ပြည်သူပိုင်အရင်းအမြစ်များသုံးစွဲရာ၌ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတို့မြှင့်တက်လာခြင်း၊ အစီရင်ခံတင်ပြသည့် စနစ်များ ခိုင်မာအားကောင်းလာခြင်းနှင့် လွှတ်တော်အတွင်းရှိ ပြည်သူ့ငွေစာရင်းကော်မတီအား ပိုမို ခိုင်မာတောင့်တင်းလာခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပါလိမ့်မည်။ ထို့ပြင် ကမ္ဘာ့ဘဏ်အနေဖြင့် "ပြည်သူအသုံးစရိတ်နှင့် ယုံကြည်အားရနိုင်မှုတို့အား စိစစ်ချက်" ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင်လည်း ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို အဓိကထား၍ နှစ်ရှည်ပြည်သူ့အသုံးစရိတ် ပြန်လည်စိစစ်ရေး လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

## II. စီမံကိန်းဖွံ့ဖြိုးရေးဦးတည်ချက် (များ)

ဤစီမံကိန်း၏ ဦးတည်ချက်မှာ လက်ရှိမြန်မာနိုင်ငံ၏ စာသင်ကျောင်းထောက်ပံ့ငွေပေးအပ်ရေးနှင့် ပညာသင်ထောက်ပံ့ငွေပေးအပ်ရေး အစီအစဉ်များအား အဓိကနည်းလမ်း ၃ ရပ်ဖြင့် အဆင့်မြှင့်တင်၍ တိုးချဲ့ဆောင်ရွက်သွားနိုင်ရန်ဖြစ်ပါသည်။ ယင်းတို့မှာ - (က) ပညာသင်ထောက်ပံ့ကြေးပေးအပ်ရေး အစီအစဉ်၏ နယ်ပယ်ကို တိုးချဲ့ဆောင်ရွက်သွားစေခြင်း (ခ) စာသင်ကျောင်းထောက်ပံ့ငွေပေးအပ်ရေးအစီအစဉ်၏ ယုံကြည်စိတ်ချရနိုင်မှုနှင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်ပေးခြင်းနှင့် (ဂ) ယင်း အစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ယင်းတို့၏ တိုးတက်ဖြစ်ထွန်းမှုကို စောင့်ကြည့်စစ်ဆေးသွားနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာမြို့နယ်နှင့် စာသင်ကျောင်းအသီးသီးတို့၏ စွမ်းဆောင်ရည်များအား မြှင့်တင်ပေးခြင်းတို့ဖြစ်ပါသည်။

## III. စီမံကိန်းအကြောင်းဖော်ပြချက်

စီမံကိန်းတွင်ပါဝင်သည့် အကြောင်းအရာများ၏အမည်

ဤစီမံကိန်းသည် ပညာရေးဝန်ကြီးဌာန၏ ဘဏ္ဍာငွေခွဲဝေချထားရေးကဏ္ဍတွင် အစီအစဉ်သုံးရပ်ဖြင့် အကူအညီပေးအပ်သွားမည်ဖြစ်သည်။ ယင်းတို့မှာ - (၁) အစိုးရထောက်ပံ့ငွေဖြင့် လည်ပတ်နေရသည့် စာသင်ကျောင်းများအားလုံးအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် ပညာရေးဝန်ကြီးဌာနမှ လတ်တလော ဆောင်ရွက်လျက်ရှိသည့် စာသင်ကျောင်းထောက်ပံ့ငွေပေးအပ်ရေး အစီအစဉ်အား တိုးချဲ့ဆောင်ရွက် သွားရန် (၂) စီမံကိန်းသုံးနှစ်တာကာလအတွင်း ပညာသင်ထောက်ပံ့ကြေးများကို မြို့နယ်ပေါင်း ၄၀ အထိ တိုးချဲ့ပေးအပ်သွားနိုင်ရန် (၃) ယင်းအစီအစဉ်များအတိုင်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် ယင်းတို့အား စောင့်ကြည့်စစ်ဆေးနိုင်မည့်စွမ်းရည်များ ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် မူလတန်းအဆင့် များ၌ပင် စာဖတ်စွမ်းရည်စစ်ဆေးမှုများ ကျင့်သုံးဆောင်ရွက်သွားခြင်းဖြင့် နောင်လာမည့် အစီအစဉ်များတွင်လည်း ပညာသင်ယူမှုရလဒ်များကို အလေးထားဂရုပြုနိုင်ရန်အတွက် အခြေခံအုပ်မြစ် ချမှတ်သွားနိုင်ရန်တို့ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်အနေဖြင့် အစီအစဉ်ပုံစံရေးဆွဲခြင်း၊ စောင့်ကြည့်စစ်ဆေခြင်းနှင့် စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းများတွင် အကူအညီပေးအပ်သွားနိုင်ရန်အတွက် နည်းပညာအကူအညီပေးရေး အစီအစဉ်နှင့် MDTF ၏ကမ္ဘာ့ဘဏ်မှတာဝန်ယူထားသည့် အပိုင်းတို့အား တစ်ပြိုင်နက် စီမံဆောင်ရွက် ပေးသွားမည်ဖြစ်ပါသည်။

### စာသင်ကျောင်းထောက်ပံ့ကြေး အစီအစဉ်အား တိုးချဲ့ဆောင်ရွက်ခြင်းနှင့် အဆင့်မြင့်တင်ဆောင်ရွက်ခြင်း (အမေရိကန်ဒေါ်လာ ၅၂ သန်း)

အစိုးရထောက်ပံ့ငွေဖြင့်လည်ပတ်နေရ၍ အခြေခံပညာမူလတန်းကျောင်းသားများရှိသည့် စာသင်ကျောင်း တိုင်းသည် ယင်းစာသင်ကျောင်း ထောက်ပံ့ငွေပေးအပ်ရေး အစီအစဉ်တွင် အကျုံးဝင်ပါသည်။ သို့ဖြစ်၍ ယင်းသို့စာသင်ကျောင်း ထောက်ပံ့ငွေပေးအပ်ရေး အစီအစဉ်အား တိုးချဲ့ဆောင်ရွက်ခြင်းဆိုသည်မှာ ယခင်ကအငယ်၊ အလတ်၊ အကြီး စာသင်ကျောင်းများအား အမေရိကန်ဒေါ် လာ ၂၅၀၊ ၄၀၀ နှင့် ၅၀၀ ခန့်အသီးသီးပေးအပ်နေရာမှ သုံးနှစ်တာကာလအတွင်း အမေရိကန် ဒေါ်လာ ၈၀၀ ၊ ၁၂၀၀ နှင့် ၁၈၀၀ ခန့်အထိအသီးသီး တိုးမြှင့်ပေးအပ်သွားခြင်းကို ဆိုလိုပါသည်။ ယင်းအစီအစဉ်အား အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းဆိုသည်မှာ ကမ္ဘာ့နှင့်ချီသည့် အတွေ့အကြုံများကိုအခြေခံ၍ အစီအစဉ်သစ်များ စတင် စမ်းသပ်ကျင့်သုံးသွားရန်နှင့် အထူးသဖြင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှု အပါအဝင် ယင်းအစီအစဉ်အား ယုံကြည်အားထားရရှိနိုင်မှုနှင့် ပတ်သက်၍ စီမံခန့်ခွဲ ဆောင်ရွက်ပုံတို့ကို မြှင့်တင်သွားနိုင်ရန် ဖြစ်ပါသည်။ လမ်းညွှန်ချက်များအား ပြန်လည်ပြင်ဆင်ရေးဆွဲပေးခြင်းနှင့် လေ့ကျင့်သင်တန်းပေးမှုများပြုလုပ်ပေးခြင်းဖြင့် ယင်းထောက်ပံ့ငွေပေးအပ်ရေး အစီအစဉ်အတွက် အစီအစဉ်သစ်များကို စမ်းသပ်ကျင့်သုံးသွားမည်ဖြစ်သည်။ ထိုသို့စမ်းသပ်ကျင့်သုံးသွားမည့်အစီအစဉ်များတွင် (i) အဓိပ္ပါယ် တိတိပပ ဖွင့်ဆိုသတ်မှတ်ထားသည့် အစီအစဉ် ဦးတည်ချက်များနှင့် လုပ်ငန်းစွမ်းဆောင်ရည်ပြ အညွှန်းကိန်းများအား စတင်ကျင့်ခြင်း (ii) ထောက်ပံ့ငွေအဖြစ်ပေးအပ်ထားသည့် ရန်ပုံငွေများအား စာသင်ကျောင်းတိုးတက်ရေး အစီအစဉ်များ အတွက်ပါ ပေါင်းစပ်အသုံးပြုသွားစေခြင်း (iii) ကျောင်းအဆင့်အသုံးစရိတ်များ ချမှတ်ဆောင်ရွက်ရာတွင် ကိုယ်ပိုင်စီရင်ဆုံးဖြတ်နိုင်ခွင့် ပိုမိုမြင့်တက်စေခြင်း (iv) မိဘဆရာအသင်းများမှတစ်ဆင့် ရပ်ရွာလူထု ပါဝင် ဆောင်ရွက်မှုနှင့် ကြီးကြပ်ကွပ်ကဲမှုများကို တိုးတက်စေခြင်း (v) ဘဏ္ဍာရေးအစီရင်ခံစာများတင်ပြရာတွင် စံနမူနာတစ်ခုထားရှိဆောင်ရွက်စေခြင်း (vi) ငွေစာရင်းစစ်ဆေးမှုအတွက် ပြဋ္ဌာန်းချက်များထားရှိခြင်းနှင့် (vii)

အစီအစဉ်တိုးတက်ဖြစ်ထွန်းမှုအား အစီရင်ခံတင်ပြမှုကို ပညာရေးဝန်ကြီးဌာန မူပိုင်သတင်းအချက်အလက်စနစ်များအတွင်းသို့ ချိတ်ဆက်ဝင်ရောက်သွားစေခြင်းတို့ပါဝင်သည်။

## ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရေးအစီအစဉ်အား တိုးချဲ့ဆောင်ရွက်ခြင်းနှင့် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း (အမေရိကန်ဒေါ်လာ ၂၁ သန်း)

မြန်မာနိုင်ငံရှိ အစိုးရအထောက်အပံ့ဖြင့် လည်ပတ်နေရသည့် စာသင်ကျောင်းများအားလုံးသည် ပုံမှန်အားဖြင့် လက်ရှိ ပညာသင်ထောက်ပံ့ကြေးအစီအစဉ်၌ ပါဝင်လျှောက်ထားခွင့်ရှိသော်လည်း ယင်းအစီအစဉ်၏ နယ်ပယ်ကျဉ်းမြောင်းမှုကြောင့် (ကျောင်းသား ၁၁,၀၀၀ အတွက် ပညာသင်ထောက်ပံ့ကြေးကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ပေးအပ်ရခြင်းကြောင့်) စာသင်ကျောင်းအများစုက ယင်းထောက်ပံ့ကြေးကို လျှောက်ထားကြစေကာမူ ၎င်းတို့အနက် အချို့ကျောင်းများကိုသာ ရွေးချယ်ပေးအပ်သွားရခြင်းဖြစ်ပြီး ရွေးချယ်ခံရသည့် ကျောင်းများတွင်လည်း အများအားဖြင့် ကျောင်းသားနှစ်ယောက်ထက် ပိုနိုင်လိမ့်မည်မဟုတ်ပေ။ ထိုသို့ဖြစ်ရခြင်းမှာ အသစ်ရေးဆွဲထားသည့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ရေး လမ်းညွှန်ချက်များအရ စာသင်ကျောင်း အသီးသီး ပါဝင်နိုင်မှုကို တိုးမြှင့်ထားခြင်းနှင့် စာသင်ကျောင်းရွေးချယ်ရေးနှင့် စီမံကွပ်ကဲရေး အပိုင်းတွင်လည်း ပိုမိုတင်းကြပ်ထားခြင်းကြောင့်ဖြစ်ပါသည်။ သို့ဖြစ်၍ သတ်မှတ်အချိန်အတွင်း၌ အကန့်အသတ်ဖြင့် ရွေးချယ်ထားသည့် မြို့နယ်များရှိ စာသင်ကျောင်းများနှင့် ကျောင်းသားများထံသို့သာ ယင်းထောက်ပံ့ကြေးများ ပေးအပ်သွားနိုင်မည် ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အဆိုပါ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရေးအစီအစဉ်အတွက် မြို့နယ် ၈ မြို့အထိ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းအစီအစဉ်အရ မြို့နယ်အသီးသီးရှိ စာသင်ကျောင်းများ၏ (၆၀%) နှင့် စတုတ္ထတန်း မှ ဒသမတန်း အထိ ကျောင်းသား/သူများ၏  (၃၀%) ကို ခြုံငုံမိစေလိမ့်မည်ဟု မျှော်လင့်ရပါသည်။ ထို့နောက် လာမည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မြို့နယ် ၁၂ မြို့နယ်ကိုလည်းကောင်း၊ ၂၀၁၆- ၂၀၁၇ ပညာသင်နှစ်တွင် နောက်ထပ်မြို့နယ် ၂၀ ကိုလည်းကောင်း ပညာသင်ထောက်ပံ့ကြေးများ ဆက်လက် ပေးအပ်သွားမည်ဖြစ်ပြီး ဤနည်းအားဖြင့် သုံးနှစ်တာကာလအတွင်း (မြို့နယ် စုစုပေါင်း ၃၃၀ အနက်) မြို့နယ်ပေါင်း ၄၀ တို့ကို ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်သွားနိုင်မည် ဖြစ်သည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိပေးအပ်လျက်ရှိသည့် ကျောင်းသား ၁၁,၀၀၀ အတွက် ပညာသင်ထောက်ပံ့ကြေးငွေများအား သုံးနှစ်တာကာလအတွင်း ကျောင်းသား ၂၀၀,၀၀၀ အထိ တိုးမြှင့်ပေးအပ်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။ (မြန်မာ့ ပညာရေးဝန်စနစ်၌ ကျောင်းသားပေါင်း ၈.၂ သန်းခန့်ရှိသည်) ထောက်ပံ့ငွေပေးအပ်မည့် မြို့နယ်များအား ဆောင်ရွက်လျက်ရှိသည့် DLT လုပ်ငန်းစဉ်၏ ကဏ္ဍတစ်ရပ်အနေဖြင့် ကမ္ဘာ့ဘဏ်မှ သဘောတူလက်ခံသည့် ဆင်းရဲနွမ်းပါးမှုပြအညွှန်းကိန်းများနှင့် ကျောင်းထွက်နှုန်းများအပေါ်မူတည်၍ စိစစ်ရွေးချယ်သွားမည် ဖြစ်သည်။

ပညာသင်ထောက်ပံ့ကြေးပေးအပ်ရေး အစီအစဉ်အား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဆိုသည်မှာ ကမ္ဘာတွင် ကျင့်သုံးနေသည့် နည်းလမ်းအသစ်အဆန်းများ စမ်းသပ်ကျင့်သုံး၍ အစီအစဉ်၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို မြှင့်တင်ခြင်းပင်ဖြစ်သည်။ အစီအစဉ်စစ်ဆေးမှုများအရ ယင်းအစီအစဉ်ပုံစံရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အဆင့်မြှင့်တင်နိုင်သည့် နည်းလမ်းများစွာရှိကြောင်း အကြံပြုထားပါသည်။ အမျိုးသားပညာသင်ထောက်ပံ့ကြေး အစီအစဉ်အရ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများအားလုံးသို့ ပညာသင်ထောက်ပံ့ကြေးများ ခွဲဝေပေးအပ်ပါသည်။ ရရှိထားသော အချက်အလက်များအရ ကျောင်းသား/သူများ ကျောင်းထွက်မှုနှုန်းသည် တတိယတန်းမတိုင်မီအထိ အလွန်

နည်းပါးပြီး အထူးသဖြင့် မူလတန်းမှ အလယ်တန်းသို့လည်းကောင်း၊ အလယ်တန်းမှ အထက်တန်းသို့လည်းကောင်း ကူးပြောင်းသည့် အချိန်မျိုးတွင်သာ အဓိက မြင့်မားလျက်ရှိကြောင်း သိရှိရပါသည်။ ထို့ကြောင့် ပြန်လည်သုံးသပ်ထားသည် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်အရ ကျောင်းထွက်မှုနှုန်းမြင့်မားဆုံးဖြစ်နေသည့် စတုတ္ထတန်းမှ ဒသမတန်းအထိရှိနေသည့် ကျောင်းသားများကိုသာ အဓိကထားပေးသွားမည်ဖြစ်သည်။ ထို့ပြင် ပညာသင်ထောက်ပံ့ကြေးပမာဏကိုလည်း အလယ်တန်းနှင့် အထက်တန်းကျောင်းများအတွက် တဖြည်းဖြည်း တိုးမြှင့်ပေးသွားမည်ဖြစ်ပြီး ထိုသို့ပြုလုပ်ရခြင်းမှာ လက်ရှိပညာရေးစနစ်အရ ကလေးတစ်ဦး အတန်းပညာဖြင့် နည်းလမ်းအသစ်များကို စမ်းသပ်ကျင့်သုံးသွားမည် ဖြစ်ပါသည်။ ထိုသို့ စမ်းသပ်ကျင့်သုံးသွားမည့် နည်းလမ်းများတွင် ( i ) အဓိပ္ပါယ် တိတိပပ ဖွင့်ဆိုထားပြီးဖြစ်သည် ထောက်ပံ့ငွေပေးအပ်ရေး ဦးတည်ချက်များနှင့် လုပ်ငန်းဆောင်ရွက်ပုံပြ အညွှန်းကိန်းများအား စတင်ကျင့်သုံးစေခြင်း ( ii ) အထောက်အထားခိုင်လုံမှုကိုအခြေခံ၍ ကနဦး မြို့နယ်များရွေးချယ်မှုကို ပြုလုပ်စေခြင်း ( iii ) အထောက်အထား ခိုင်လုံမှုကိုအခြေခံ၍ ယင်းမြို့နယ်အတွင်းရှိ ထောက်ပံ့ငွေပေးအပ်သွားမည့် စာသင်ကျောင်းများနှင့် ကျောင်းသား/သူများကိုရွေးချယ်စေခြင်း ( iv ) ယေဘုယျကြုံတွေ့နေရသည့် အခြေအနေနှင့် ကျင့်သုံးဆောင်ရွက်နေသည့် အစီအစဉ်တို့၏ ကူးလူးဆက်နွယ်မှုကို ပိုမိုအားကောင်းလာစေခြင်းနှင့် ပိုပြင်လေးနက်လာစေခြင်း (v) ရပ်ရွာလူထုကိုယ်တိုင်ပါဝင် ဆောင်ရွက်ခြင်းနှင့် ကွပ်ကဲခြင်း ( vi ) ငွေစာရင်းစစ်ဆေးမှုများအတွက် ပြဌာန်းချက်များအား စတင်ကျင့်သုံးစေခြင်းနှင့် ( vii ) ပညာရေးဝန်ကြီးဌာန၏ မူပိုင်စနစ်အတွင်းသို့ အစီအစဉ်တိုးတက်ဖြစ်ထွန်းမှုအား အစီရင်ခံတင်ပြရာတွင် ချိတ်ဆက်ဆောင်ရွက်မှုရှိစေခြင်း

ထောက်ပံ့ငွေပေးအပ်သည့် အစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်အကဲခတ်ခြင်းတို့ ပိုမိုခိုင်မာလာစေရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး အကူအညီများပေးခြင်း (အမေရိကန် ဒေါ်လာ ၇ သန်း)

ဤစီမံကိန်းသည် မူလတန်းအဆင့်များ၌ စာဖတ်စွမ်းရည်စစ်ဆေးမှုအတွက် အခြေခံနည်းစနစ်များ လက်ခံကျင့်သုံးသွားနိုင်ရန်နှင့် လေ့ကျင့်သင်တန်းပေးမှုများ ပြုလုပ်သွားနိုင်ရန် ရည်ရွယ်ပါသည်။ ထိုသို့ လေ့ကျင့်သင်တန်းပေးရာတွင် ပညာရေးဝန်ကြီးဌာနမှ နိုင်ငံအနှံ့ လေ့ကျင့်သင်တန်းပေးရေး အစီအစဉ်အား ပုံစံရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကိုလာမည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး ယင်းမြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်များအား စာသင်ကျောင်းထောက်ပံ့ကြေးပေးအပ်ခြင်းနှင့်ဆိုင်သည့် အစီအစဉ်သစ်များကို ရှင်းလင်းပြောကြားသွားမည်ဖြစ်သည်။ ယင်းထောက်ပံ့ငွေပေးအပ်ရေး အစီအစဉ်တွင် ပါဝင်မည့် အကြောင်းအရာအဝဝကို ယင်းအစီအစဉ်လမ်းညွှန်ချက်များ ရေးဆွဲခြင်းလုပ်ငန်း၏ ကဏ္ဍတစ်ခုအနေဖြင့် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။ စာသင်ကျောင်းထောက်ပံ့ငွေများ ပေးအပ်ရာတွင်လည်း UNICEF Myanmar မှပြုလုပ်ထားပြီးဖြစ်သည့် အလားတူ လေ့ကျင့်ရေးသင်တန်းများမှ သာဓကများကို ထုတ်နှုတ်ရယူခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်ပါလိမ့်မည်။ ထိုသို့ အစီအစဉ်နှင့် ပတ်သက်သည့် လေ့ကျင့်သင်တန်းပေးမှုကို UNICEF မှကျင့်သုံးခဲ့သည့် လေ့ကျင့်ရေးပုံစံကိုသာ ပြန်လည် အသုံးပြုသွားမည်ဟု မျှော်လင့်ရပြီး သင်တန်းနည်းပြများကိုမူ ဗဟိုအဆင့်တွင် လေ့ကျင့်သင်ကြားပေးထားပြီး ၎င်းတို့အနေဖြင့် ဒေသတွင်းအဆင့် သို့မဟုတ် မြို့နယ်အဆင့်များ၌ အချိန်ပိုင်းသင်တန်းများ ပြန်လည်ပြုလုပ်ပေးရန် တာဝန်ယူရမည်ဖြစ်သည်။ သုံးနှစ်တာကာလအတွင်း ပညာရေးဝန်ကြီးဌာနအနေဖြင့် မြို့နယ်ပညာရေးမှူး၊ လက်ထောက်ပညာရေးမှူးနှင့် ငွေစာရင်း ဝန်ထမ်း စုစုပေါင်း ၁၀၀၀ ခန့်နှင့်ကျောင်းအုပ် ၄၃,၀၀၀ ခန့်တို့အား လေ့ကျင့်သင်တန်းပေးမှုများ ပြုလုပ်သွားနိုင်မည်ဟု ခန့်မှန်းရပါသည်။

ကျောင်းသား/သူများ၏ ပညာသင်ယူရရှိနိုင်မှုနှင့် တိုးတက်မှုကိုဖော်ပြနိုင်မည့် စစ်ဆေးရေးအချက် အလက်များရရှိထားခြင်းသည် ကျောင်းစီမံကိန်းရေးဆွဲခြင်းနှင့် ငွေကြေးအရင်းအမြစ်များ ထိထိရောက်ရောက် ဖြန့်ဖြူးပေးရာတွင် အရေးပါသောအစိတ်အပိုင်းများ ဖြစ်လျက်ရှိပါသည်။ ဤစီမံကိန်း ရေးဆွဲနေစဉ်အတွင်း ကမ္ဘာ့ဘဏ်သည် ပညာရေးဝန်ကြီးဌာနအား အမှတ်-၃ အခြေခံပညာဦးစီးဌာန (ရန်ကုန်နယ်နိမိတ်) အတွင်း၌ မူလတန်းအဆင့် စာဖတ်စွမ်းရည်စစ်ဆေးမှုအတွက် ကနဦး အခြေခံစည်းမျဉ်းများ ရေးဆွဲဆောင်ရွက်နိုင်ရန်အတွက် နည်းပညာအကူအညီနှင့် ယုံကြည်အပ်နှံဘဏ္ဍာငွေများ ပေးအပ်သွားမည်ဖြစ်သည်။ အဆိုပါစစ်တမ်းကောက်ယူမှုသည် ဇန်နဝါရီလတွင် ပြီးဆုံးမည်ဖြစ်ပြီ အစီရင်ခံစာအပြည့်အစုံ တင်ပြခြင်းနှင့် အများပြည်သူအား တင်ပြခြင်းတို့ ၂၀၁၄ ဖွန်လတွင် အပြီးသတ်နိုင်လိမ့်မည်ဖြစ်ပါသည်။ ထိုသို့ ကနဦးလုပ်ဆောင်မှုအတွက် Save The Children Myanmar မှ နည်းပညာအကူအညီများပေးအပ်ခဲ့ပြီး စစ်တမ်းကောက်ယူမှုတွင်လည်း ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းစီမံကိန်း ၃ နှစ်တာကာလအတွင်း ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာမူလတန်းဦးစီးဌာန အမှတ် ၁ နှင့် အမှတ် ၂ (အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည်) တို့တွင်လည်း အဆိုပါအခြေခံစည်းမျဉ်း စစ်တမ်းကောက်ယူမှုများကို ပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံအနှံ့ရှိ ကလေးငယ်များ၏ မူလတန်းအဆင့် စာဖတ်စွမ်းရည်များကို ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးသွားနိုင်ရန် ရည်ရွယ်ပါသည်။ (ဆရာအတတ်သင်ကောလိပ်မှ ဘွဲ့ရများဖြစ်စေ) သရုပ်ပြအဖြစ် ပါဝင်ထမ်းဆောင်ပေးမည့်ပုဂ္ဂိုလ်အတွက် နေထိုင်စရိတ်နှင့် သွားလာစရိတ်များအား စီမံကိန်းရန်ပုံငွေများမှ ထုတ်ပေးသွားမည်ဖြစ်သည်။ ကမ္ဘာ့ဘဏ်အနေဖြင့်လည်း (အောက်ဖော်ပြပါ) တစ်ပြိုင်နက် ဆောင်ရွက်သွားမည့် နည်းပညာအကူအညီပေးရေး အစီအစဉ်မှတစ်ဆင့် နည်းပညာအကူအညီများ ပေးအပ်သွားမည်ဖြစ်ပါသည်။

## တစ်ပြိုင်နက်ဆောင်ရွက်သွားနိုင်သော ကမ္ဘာ့ဘဏ်မှ ပြုလုပ်သည့်နည်းပညာ အကူအညီပေးရေး အစီအစဉ်

ဘဏ္ဍာငွေများအား MDTF မှရယူသွားရန်ရည်ရွယ်ထားသည့် ဒေါ်လာ ၂.၅ သန်းခန့်ကုန်ကျမည့် ကမ္ဘာ့ဘဏ်မှ စီမံပြုလုပ်သည့် နည်းပညာအကူအညီပေးရေးအစီအစဉ်အား အကူအညီလက်ခံရယူထားသူများကိုယ်တိုင်စီရင်ဆောင်ရွက်ခွင့်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့် အတူတကွ ပူးတွဲဆောင်ရွက်မည်ဟု မျှော်လင့်ထားပါသည်။ နည်းပညာအကူအညီပေးရေး အစီအစဉ်မှတစ်ဆင့် ကမ္ဘာ့ဘဏ်၏ ပံ့မှန်ကွပ်ကဲရေးလုပ်ငန်းများ တိုးပွားနိုင်စေရန်အတွက် အဆိုပါ အထောက်အပံ့အရင်းအမြစ်များကို အသုံးပြုသွားမည်ဖြစ်ပြီး နောင်တွင် အစီအစဉ်ရေးဆွဲမှုများအား ပြန်လည်စစ်ဆေးခြင်း၊ အစီအစဉ် အကောင်အထည်ဖော်မှုအား အနီးကပ် စောင့်ကြည့်အကဲခတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာ လေ့လာရေးနှင့် စစ်တမ်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် အထောက်အကူဖြစ်စေရန်အတွက် လုပ်ငန်းစဉ်စိစစ်မှုများ၌ အကူအညီပေးသွားမည်ဖြစ်သည်။ ယင်းသို့ ခွဲခြမ်းစိတ်ဖြာ လေ့လာရေးလုပ်ငန်းသည် ပညာရေးဝန်ကြီးဌာန၏ အစီအစဉ်ပုံမှန်စောင့်ကြည့်အကဲခတ်ရေးကဏ္ဍတွင် ဖြည့်စွက်ကူညီပေးသွားမည်ဖြစ်သည်။ ထိုသို့ ခွဲခြမ်းစိတ်ဖြာ လေ့လာရေးလုပ်ငန်းအား ဆောင်ရွက်ရေးရခြင်းမှာ အဆိုပါ အထောက်အပံ့ပေးအပ်ရေး အစီအစဉ်များအနေဖြင့် ယင်းတို့၏ ယခင်အတွေ့အကြုံများမှ သင်ခန်းစာယူ၍ အချိန်နှင့်အမျှ တိုးတက်မှုရှိစေရန် ဆောင်ရွက်ရာတွင် အကူအညီပေးသွားနိုင်ရန်ဖြစ်သည်။ သို့ဖြစ်၍ ဆိုခဲ့ပြီးဖြစ်သည့် ပြန်လည်သင်ယူရေးနှင့် တိုးတက်မှုရှိစေရေးလုပ်ငန်းအား အကြိမ်ကြိမ် ဆောင်ရွက်သွားခြင်းဖြင့် အဆင့်အားလုံးရှိ အာဏာပိုင်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များအား မြှင့်တင်ပေးသွားနိုင်ရန် ရည်ရွယ်ပါသည်။ ဤသို့ပြုလုပ်ခြင်းမှာ အစီအစဉ်ပုံစံရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စောင့်ကြည့်အကဲခတ်ခြင်းနှင့် အချက်

အလက်အများအသုံးပြုမှုကို မြှင့်တင်နိုင်ရန်နှင့် ယင်းအားအစီအစဉ်စက်ဝန်းအတွင်း၌ပင် မည်သို့ ဆောင်ရွက်သွားနိုင်ပုံတို့ကို ပြသနိုင်ရန်ဖြစ်ပါသည်။

## IV. ဘဏ္ဍာငွေထောက်ပံ့ခြင်း (အမေရိကန်ဒေါ်လာ ကျပ်သန်းပေါင်း)

| | | | |
|---|---|---|---|
| စုစုပေါင်းစီမံကိန်း ကုန်ကျစရိတ် | 140.00 | ကမ္ဘာ့ဘဏ်မှပေးအပ်သည့် ဘဏ္ဍာငွေစုစုပေါင်း | 60.00 |
| ဘဏ္ဍာငွေကွာဟချက် | 0.00 | | |

| **ဘဏ္ဍာငွေအရင်းအမြစ်** | **ပမာဏ** |
|---|---|
| အကူအညီလက်ခံရရှိသူ / ဘဏ္ဍာငွေရယူသူ | 60.00 |
| နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့ (IDA) | 60.00 |
| ဩစတြေးလျအစိုးရ | 20.00 |
| စုစုပေါင်း | 140.00 |

## V. အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

စီမံကိန်းအား ဖွန်လ ၂၀၁၄ မှ မေလ ၂၀၁၇ အထိ သုံးနှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု မျှော်လင့်ထားပါသည်။ ထောက်ပံ့ငွေပေးအပ်မှုကို ကျောင်းစာသင်နှစ် ပြက္ခဒိန်ကိုလိုက်၍ ဆောင်ရွက်သွားမည်ဟု ရည်ရွယ်ထားပါသည်။ (နှစ်စဉ် ဖွန်လဆန်းမှ မတ်လ အကုန်အထိ) IDA မှထောက်ပံ့ကူညီသည့် ရန်ပုံငွေများသည် ပညာရေးဝန်ကြီးဌာန၏ နဂိုရှိရင်းစွဲ အစီအစဉ် ရန်ပုံငွေများတွင်ပေါင်းစပ်ပါဝင်သွားသဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရမည့် တာဝန်အားလုံးသည် ပညာရေးဝန်ကြီးဌာနနှင့်တကွ ယင်းလက်အောက်ရှိ အဖွဲ့ငယ် အသီးသီးထံ ကျရောက်ခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် DLI လုပ်ငန်း၏ တစ်စိတ်အားဖြင့် ကမ္ဘာ့ဘဏ်မှ သဘောတူလက်ခံသည့် လုပ်ငန်းဆောင်ရွက်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ယင်းထောက်ပံ့ငွေများအား သက်ဆိုင်ရာ မြို့နယ်နှင့် စာသင်ကျောင်းများသို့ ရောက်ရှိအောင် ဆောင်ရွက်ပေးရပါမည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ဌာနအတွင်း၌ပင် ပြည်ပဘဏ္ဍာရေးကော်မတီတစ်ခုကို တည်ထောင်ပေးရမည်ဖြစ်ပြီး ယင်းကော်မတီသည် ပြည်ပမှလာရောက်စာရင်းစစ်ဆေးမှုများအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း အပါအဝင်) IDA အဖွဲ့မှ ကမ္ဘာ့ဘဏ်ထံသို့ အစီရင်ခံတင်ပြရန် လျာထားသတ်မှတ် ငွေစာရင်းများ ဖွင့်လှစ်ခြင်းနှင့် ယင်းငွေစာရင်းများ ထိန်းသိမ်းခြင်းတို့အတွက်ဟု တာဝန်ယူရမည်ဖြစ်သည်။ အဆိုပါ ပြည်ပ

ဘဏ္ဍာရေးကော်မတီအား ညှိနှိုင်းဆွေးနွေးမှုများ အပြီးသတ် ဆောင်ရွက်ခြင်းမပြုမီ IDA အဖွဲ့မှ ကျေနပ်လက်ခံသည့် သတ်မှတ်ချက်များအရ ပညာရေးဝန်ကြီးက တရားဝင်ဖွဲ့စည်းပေးသွားမည် ဖြစ်သည်။ ယင်းပြည်ပဘဏ္ဍာရေးကော်မတီသည် ပညာရေးကဏ္ဍစီမံကိန်းရေးဆွဲခြင်းနှင့် လေ့ကျင့်သင်ကြားရေး ဦးစီးဌာန (DEPT) နှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး ယင်းကော်မတီတွင် အစီအစဉ်ကြီးကြပ်ရန် အတွက် ကမ္ဘာ့ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ပေးနိုင်မည့် အတွင်းရေးမှူးတစ်ဦးကိုပါ ခန့်အပ်ထားရှိရပါ သည်။

DLI လုပ်ငန်းအား အောင်မြင်အောင် ဆောင်ရွက်နိုင်မှုနှင့်ပတ်သက်၍ အစီရင်ခံတင်ပြမှုကို နှစ်စဉ် မတ်လ ၃၁ ရက်နေ့တွင် အပြီးသတ်ပြုလုပ်နိုင်မည်ဟု ခန့်မှန်းရပါသည်။ အဆိုပါ နောက်ဆုံးသတ်မှတ်ရက်မတိုင်ခင် ဇန်နဝါရီ ၃၁ ရက်မရောက်ခင်၌ ကမ္ဘာ့ဘဏ်နှင့် ပညာရေးဝန်ကြီးဌာနတို့၏ အစီအစဉ် ပြန်လည်ဝေဖန်သုံးသပ်ရေး အစည်းအဝေးကို နှစ်စဉ်ကျင်းပရမည်ဖြစ်ပြီး ယင်းအစည်းအဝေးပွဲ၌ DLI ပြန်လည်စိစစ်ခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် သက်ဆိုင်သည့် အသေးစိတ်အစီအစဉ်များကို သဘောတူညီမှုရယူကြမည် ဖြစ်သည်။ ထိုသို့အစီရင်ခံစာတင်ပြခြင်းနှင့် စစ်ဆေးအတည်ပြုခြင်းလုပ်ငန်းသည် DLI လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မှုကို သေချာစေရန်နှင့် နှစ်စဉ် ဖွန်လ တစ်ရက်နေ့တိုင်း၌ ပြုလုပ်သွားမည့် IDA ၏ ထောက်ပံ့ငွေပေးအပ်မှုကို အထောက်အထား ခိုင်မာသွားစေရန်ဖြစ်ပါသည်။

DLI အစီရင်ခံစာတင်ပြခြင်းနှင့် စစ်ဆေးအတည်ပြုခြင်းလုပ်ငန်းစဉ်နှင့်အပြိုင် ပညာရေးဝန်ကြီးဌာနသည် အသုံးပြုခွင့်ရှိသည့်နေရာများ၌ အမှန်တကယ် အသုံးပြုထားသည့် ကုန်ကျစရိတ်များအား အထောက်အထားနှင့်တကွ ၂၀၁၅ မှစတင်၍ (ဖေရယ် ၁ မှ မတ် ၃၁ အထိအကျုံးဝင်သည့်) နှစ်စဉ် မေလ ၃၁ ရက်နေ့တိုင်းတွင် ကမ္ဘာ့ဘဏ်ထံသို့ အစီရင်ခံတင်ပြသွားမည်ဖြစ်သည်။ ၂၀၁၄ ကနဦး ထောက်ပံ့ငွေနှင့်အတူ နောက်ဆက်တွဲ ထောက်ပံ့ငွေအသီးသီး၏ပမာဏတို့အား ယခင်ထောက်ပံ့ငွေပေးအပ်ခြင်းနှင့်ဆိုင်သည့် စာရွက်စာတမ်းများတွင် သွတ်သွင်းရန် သက်ဆိုင်ရာ DLI များ၏ အသုံးပြုခွင့်ရှိသော ကုန်ကျစရိတ်များနှင့် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်နိုင်မှုများနှင့်တိုက်ဆိုင်ကာ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

VI ဘေးကင်းလုံခြုံရေးမူများ (ပြည်သူ့တိုင်ပင်ဆွေးနွေးမှုများအပါအဝင်)

| စီမံကိန်းတွင်ဆောင်ရွက်ခဲ့သည့်ဘေးကင်းလုံခြုံရေးမူများ | **Yes** | **No** |
|---|---|---|
| • သဘာဝပတ်ဝန်းကျင်စစ်ဆေးမှု OP/BP 4.01 | X | |
| • သဘာဝအလိုက် နေထိုင်ကျက်စားရာနေရာများ OP/BP 4.04 | | X |
| • သစ်တောများ OP/BP 4.36 | | X |
| • ပိုးမွှားအန္တရာယ် စီမံဆောင်ရွက်မှု OP/BP 4.09 | | X |
| • ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှု အရင်းအမြစ်များ OP/BP 4.11 | | X |

| | | |
|---|---|---|
| • ဒေသခံပြည်သူများOP/BP 4.10 | X | |
| • အလိုမတူဘဲ ပြန်လည်နေရာချထားမှု OP/BP 4.12 | | X |
| • ဆည်မြောင်းများဘေးကင်းလုံခြုံမှု OP/BP 4.37 | | X |
| • အပြည်ပြည်ပြည်ဆိုင်ရာ ရေလမ်းကြောင်းများအတွက် စီမံကိန်း OP/BP 7.50 | | X |
| • အငြင်းပွားနေသည့် နယ်နိမိတ်များအတွက် စီမံကိန်းများ OP/BP 7.60 | | |

VII. ဆက်သွယ်ရန်

**World Bank**


Contact: James A. Stevens

Title: Senior Operations Officer

Tel: 473-2848

Email: jstevens2@worldbank.org


**Borrower/Client/Recipient**


Name: Union of Myanmar

Contact: New Nwe Win

Title: Budget Director

Tel: 66-95-6741-0322

Email: nwenwewin1957@gmail.com

**Implementing Agencies**

Name: Ministry of Education

Contact: MyoThein Gyi

Title: Director General, DMERB

Tel: (95-67) 407-534

Email: myo.theingyi@gmail.com

**VIII.** အသေးစိတ်သိရှိလိုပါက

The InfoShop

The World Bank

1818 H Street, NW

Washington, D.C. 20433

Telephone: (202) 458-4500

Fax: (202) 522-1500

Web: http://www.worldbank.org/infoshop

**အောက်ခြေမှတ်စုများ**

1. စာသင်ကျောင်းတစ်ကျောင်းကိုခေါ်ဆိုသည့် အတန်းဆိုသည်မှာ (အလယ်တန်း၊ အထက်တန်း စသ ဖြင့်) ယင်းကျောင်းတွင် တက်ရောက်သင်ကြားနေသည့် အမြင့်ဆုံးအတန်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ထို့ကြောင့် အလယ်တန်းကျောင်းများတွင် မူလတန်းကျောင်းသားများလည်း ရှိနိုင်သလို အထက်တန်းကျောင်းများ၌ အလယ်တန်းနှင့် အထက်တန်းကျောင်းသားများလည်း ရှိနေနိုင်ပါသည်။
2. ၂၀၁၂/၂၀၁၃ စာရင်းများအရ ကျောင်းအငယ်ဆိုသည်မှာ (မည်သည်ပုံစံဖြင့်တည်ဆောက်ထားသည် ဖြစ်စေ)

အခြေခံပညာ မူလတန်းကျောင်းသား ၁၀၀ အောက်ရှိသည့် စာသင်ကျောင်းများကို ဆိုလိုပြီး အလယ်အလတ်ကျောင်းဆိုသည်မှာ ယင်းကျောင်းသား ၁၀၁ ဦးမှ ၂၀၀ ထိရှိသည့် စာသင်ကျောင်းများကို ဆိုလိုပါသည်။ ကျောင်းကြီးဆိုသည်မှာမူ ယင်းကျောင်းသား ၂၀၀ နှင့်အထက်ရှိသည့် စာသင်ကျောင်းများကို ဆိုလိုပါသည်။ အထက်ပါ အချက်အလက်များအား ကျောင်းအဆင့် ပစ္စည်းပစ္စယများနှင့် လုပ်ငန်းများအတွက် အသုံးပြုခဲ့သည့် ကုန်ကျစရိတ်ဆိုင်ရာစာရင်းဇယားများ (စုစုပေါင်း မြန်မာကျပ် ငွေသန်းထောင်ပေါင်း ၁၃.၉ ခန့်ရှိ) မှရယူပါသည်။

3. ကမ္ဘာ့ဘဏ် (၂၀၁၄) –"ခေတ်နှင့်အညီ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစီမံကိန်း"၏ စီမံကိန်းအကဲဖြတ်ရေးစာစု (အစီရင်ခံစာအမှတ် PAD 925)
4. ကမ္ဘာ့ဘဏ် (၂၀၁၂-မတ်) "ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေးလုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ" (အစီရင်ခံစာအမှတ် 75897 MM)
5. ပညာရေးဝန်ကြီးဌာနအနေဖြင့် အရွယ်အစား ပိုကြီးမားသည့် စာသင်ကျောင်းများအတွက် ကျောင်းတစ်ကျောင်းစီ ရရှိနိုင်မည့် ထောက်ပံ့ကြေးကိုမြှင့်တင်နိုင်ရန်အတွက် ယခင်စီမံကိန်းအစောပိုင်းနှစ်များတွင် အသုံးပြုခဲ့သည့် (ငယ်၊လတ်၊ကြီး) ပုံစံများအား ပြန်လည်ပြုပြင်ရေးဆွဲရန် စဉ်းစားလျက်ရှိပြီး အဆိုပါ ပြောင်းလဲမှုအတွက် ကမ္ဘာ့ဘဏ်မှအကူအညီပေးသွားမည်ဖြစ်သည်။